ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (8-12-2010) (၆၆၀၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

လွတ်လပ်ရေးနေ့ ဦးတည်ချက်(၅)ရပ်

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။
- ☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။
- ☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)သီဟသူရဦးတင်အောင်မြင့်ဦး (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြား

နေပြည်တော် ဒီဇင်ဘာ ၇

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များဖြစ်ကြသော နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့်

စာမျက်နှာ ၆ ကော်လံ ၁ သို့

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်း အစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ယနေ့ ကြေးမုံ ဆောင်းပါး အညွှန်း

ဦးဆောင်နိုင်မည့် ခိုင်မာအင်အားကောင်းသည့် အဖွဲ့အစည်း၊ တိကျသည့် ကိုယ်စားလှယ်ရွေးချယ်မှုစနစ်များမရှိဘဲ တစ်ဦးတစ်ယောက်ကောင်းဖြင့် ညီလာခံတစ်ခုကျင်းပနိုင်မည်ဟု စဉ်းစားခြင်းမှာ ပကတိအရှိတရားနှင့် အင်မတန်အလှမ်းဝေးသော စိတ်ကူးယဉ်မှုသက်သက်သာဖြစ်။

ဗညားအောင်၏ "နိုင်ငံ့အရေး အလွယ်မတွေးစေချင်"

(ဆောင်းပါး) စာမျက်နှာ (၈-၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၈-၁၂-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

သဘာဝနေရောင်ခြည်စွမ်းအင်ရယူ

လူ့ဘဝတွင် သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေးတို့သည် အရေးပါသည်။ ကျန်းမာကြံ့ခိုင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

လူနှင့်သတ္တဝါများ ကြီးထွားဖွံ့ဖြိုးရန်နှင့် ခန္ဓာကိုယ်တွင်းရှိ ကလာပ်စည်းများ ပုံမှန်လုပ်ဆောင်ရန် ဗီတာမင်များ လိုအပ်သည်။ ဗီတာမင်ဒီသည် အရိုးနှင့် အဆစ်များကို သန်စွမ်းစေသည်။ အသက်အရွယ်ကြီးရင့်လာသူများ မှတ်ဉာဏ်စွမ်းအား ပြန်လည်ကောင်းမွန်လာစေသည်။ သက်ကြီးပိုင်းတွင် ဖြစ်ပွားတတ်သော စိတ်ကျရောဂါဖြစ်ပွားမှုကို လျော့ပါးသက်သာစေသည့် အာနိသင်များပါဝင်သည်ဟု သုတေသနပြုချက်များ၌ ဖော်ပြထားသည်။

နေရောင်ခြည်နှင့် အသားအရေထိတွေ့လိုက်သည့်အခါ ဗီတာမင်ဒီဓာတ်သည် ခန္ဓာကိုယ်တွင်းရှိဆဲလ်များ၏ ခံနိုင်ရည်စွမ်းအားကောင်းလာစေသည်။ ဦးနှောက်သို့သွားရာသွေးကြောများ လှုပ်ရှားလာပြီး ကိုယ်ခန္ဓာလန်းဆန်းတက်ကြွလာစေနိုင်သည်။ အချို့သောရောဂါများကို ကာကွယ်ကုသနိုင်ရုံမျှမက အိုမင်းရင့်ရော်ခြင်းကိုပါ တားဆီးနိုင်ကြောင်း သိရသည်။ နံနက်ပိုင်း၌ ၁၅ မိနစ်ခန့် နေပူစာလှုံခြင်းဖြင့် သဘာဝနေရောင်ခြည်စွမ်းအင်မှ ကိုယ်ခန္ဓာအတွက် လုံလောက်သောဗီတာမင်ဒီကို ရရှိစေသည်။ လူတို့နေ့စဉ်စားသုံးသည့် အစားအစာများတွင် ဗီတာမင်ဒီဓာတ်ပါဝင်သည့် ဖြည့်စွက်အစားအစာများကို ပိုမိုစားသုံးသင့်သည်။

ရောင်စုံအသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ၊ သဘာဝရေငန်ငါးများ မှန်မှန်စားသုံးခြင်းသည် ကျန်းမာရေးအတွက် ပိုမိုအကျိုးသက်ရောက်မှုရှိစေမည်ဖြစ်သည်။ ခန္ဓာကိုယ်တွင် ဗီတာမင်ဒီဓာတ် လုံလောက်စွာရှိနေသူသည် အသက်အရွယ်အလိုက်ဖြစ်ပေါ်တတ်သော မေ့လျော့မှုမျိုးကို လျော့ပါးသက်သာစေသည်။ အသက်ကြီးပိုင်း၌ကြုံတွေ့ရသော သူငယ်ပြန်မှုနှင့် မေ့လျော့မှုတို့ကို ကာကွယ်ပေးနိုင်သည်။ လူတိုင်း နေ့စဉ်နာရီဝက်ခန့် လမ်းလျှောက်ခြင်းဖြင့် အရိုးအဆစ်များ ကြံ့ခိုင်သန်စွမ်းစေသည်။ ထို့အပြင် သွေးတွင်းရှိ သကြားဓာတ်နှင့် အဆီကိုကျစေသည်။ နှလုံးရောဂါ၊ ဆီးချိုရောဂါများ ဝင်ရောက်မလာစေရန်လည်း ကြိုတင်ကာကွယ်နိုင်သည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်းနံနက်ခင်းလေကောင်းလေသန့်ကို ရှူရှိုက်ရင်း နေရောင်ခြည်အောက်တွင် လမ်းလျှောက်ကြခြင်းဖြင့် နေရောင်ခြည်သဘာဝစွမ်းအင်မှ ဗီတာမင်ဒီ လုံလောက်စွာရရှိနိုင်သည်။ နေရောင်ခြည်စွမ်းအင်သည် အရိုးအဆစ်များသန်စွမ်းပြီး ရောဂါဘယများ ကင်းဝေးနိုင်ကြပြီဖြစ်သည်။ လူတိုင်းအတွက် အကောင်းဆုံးလေ့ကျင့်ခန်းတစ်ခုဖြစ်သည့် ကိုယ်လက်လှုပ်ရှားလမ်းလျှောက်ခြင်း၊ ဗီတာမင်ဒီပါဝင်သော ဖြည့်စွက်အစားအစာများကို ပိုမိုစားသုံးခြင်းတို့ဖြင့် လူတိုင်းရွှင်လန်းကျန်းမာခြင်းသုခဖြင့် ပြည့်စုံကြမည်ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် (၁၆)လမ်းနေ ဦးမောင်မောင်စိန် (မန်နေဂျင်းဒါရိုက်တာ၊ ဂရိတ်ဝေါဆေးဝါးနှင့် ဆောက်လုပ်ရေးကုမ္ပဏီ မိသားစု)က ထာဝရအထွေထွေပဒေသာပင်အတွက် ငွေကျပ် နှစ်သိန်းနှင့် ကျပ် ၃၀၆၀၀၀ တန်ဖိုးရှိ ဆေးပစ္စည်းများ(စုစုပေါင်း ငွေကျပ်၅၀၆၀၀၀)ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရန်ကုန်တက္ကသိုလ်(၁၉၈၄ -၈၅)ဘူမိဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၇

(၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်နှင့် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၈ရက် (အင်္ဂါနေ့)ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ Chatrium Hotel (Pool Side)၌ ကျင်းပမည်ဖြစ်ပြီး ရပ်နီး၊ ရပ်ဝေးမှ သူငယ်ချင်းများအားလုံး တက်ရောက်ကြရန်နှင့် ကျော်ဌေးမင်း ဖုန်း-၀၉-၅၁၀၀၅၃၄၊ သန်းဌေးဇော် ဖုန်း-၀၉-၅၁၅၀၁၃၁၊ မောင်မောင်ထွေး ဖုန်း-၀၉-၅၀၀၃၀၈၀၊ နိုင်ဦး ဖုန်း-၀၉-၅၁၀၁၃၈၀၊ ထွန်းဆင့် ဖုန်း-၅၁၆၀၅၄၊ စိန်ဌေး ဖုန်း-၀၉-၅၁၅၉၉၇၉၊ နီနီအေး ဖုန်း-၀၉-၅၀၅၁၃၅၅၊ ကြည်ကြည်သင်း ဖုန်း-၀၉- ၅၁၇၈၁၈၉၊ ဥမ္မာစိုး ဖုန်း- ၀၉-၈၀၃ ၀၀၂၀ နှင့် ချယ်ရီကျော် ဖုန်း-၇၂၄၁၇၃ တို့သို့ ဆက်သွယ်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ကြီးမှူးကျင်းပသည့် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ၂၀၀၉ ခုနှစ်အတွက် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို **'သုသိဏ်'**၏ **"ဆူးမြနှင်းဆီ"**က လည်းကောင်း၊ ဒုတိယဆုကို **'ကိုယော(ဘောဂဗေဒ)'**၏ **"ဂန္ထဝင်ချစ်ကြည်စတမ်းနဲ့ လွမ်းရတဲ့မြို့သူ"** ကလည်းကောင်း၊ တတိယဆုကို **'သိန်းဇော်(ရွှေလီဦး)'**၏ **"ဘဝပုခက်နှင့် ကကြိုးဆက်မည့် ရွှေလက်များ"**က လည်းကောင်း ရရှိသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို **'မောင်ခြိမ့်'**၏ **"ယင်ပေါင်စာတိုးရုံနဲ့ ယင်းကျိုးမယ် မောင်ကထင်နှင့် အခြားဝတ္ထုတိုများ"** ကလည်းကောင်း၊ ဒုတိယဆုကို **'မြေလတ်မင်းလွင်'**၏ **"လက်ရည်တစ်ပြင်တည်းနှင့် အခြားဝတ္ထုတိုများ"**က လည်းကောင်း၊ တတိယဆုကို **'ခင်လပြည့်ဝန်း'**၏ **"နေညိုရင် အဖေကိုလွမ်းတယ်နှင့် အခြားဝတ္ထုတိုများ"** ကလည်းကောင်း ရရှိသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို **'ဇော်မျိုးဟန်(ငါးသိုင်းချောင်း)'**၏ **"ပန်းစောင့်လိပ်ပြာကဗျာများ"**ကလည်းကောင်း၊ ဒုတိယဆုကို **'မောင်ဟန်တင့်(ပင်လည်ဘူး) '**၏ **"ဝတစ်လုံးနှင့် အပြုံးတစ်ရာကဗျာများ"** ကလည်းကောင်း၊ တတိယဆုကို **'လှိုင်ဌေးအောင်(ရွှေတံတား)'**၏ **"အမေ့အမွေနှင့် အခြားကဗျာများ"**က လည်းကောင်းရရှိသည်။

သုတပဒေသာ (ဝိဇ္ဇာပညာရပ်)ဆုတွင် ပထမဆုကို **'မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)'**၏ **"ပုံသဏ္ဌာန်မျိုးစုံ ရှေးဟောင်းမြန်မာ့မြို့ရိုးစနစ်ပုံ"**ကလည်းကောင်း၊ ဒုတိယဆုကို **'ဒေါက်တာချိုချိုတင့်(မြန်မာစာ)'**၏ **" ကိုလိုနီခေတ်ဦး မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှု"** ကလည်းကောင်း၊ တတိယဆုကို **'ရွှေဟသာ်ာ(မန္တလေးတက္ကသိုလ်)'**၏ **"ရှေးခေတ်ကျေးလက်သုံးဆိုထုံးနှင့် စကားပုံများအဖွင့်"** ကလည်းကောင်း ရရှိသည်။

သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)ဆုတွင် ပထမဆုကို **'သောင်းညွန့်သစ်'**၏ **" မြန်မာ့သစ်မွေး"**ကလည်းကောင်း၊ ဒုတိယဆုကို **'အောင်စိုး (စိုက်ပျိုး/ ၁၀၇)'**၏ **" သိပ္ပံနည်းကျလက်တွေ့အသုံးချ စပျစ်စိုက်ပျိုးရေးနည်းပညာ"** က လည်းကောင်း၊ တတိယဆုကို **'ဖိုးဆွေ(သစ်လုပ်ငန်း)'**၏ **"အသုံးချသစ်လုပ်ငန်းသချ်ာ"**က လည်းကောင်းရရှိသည်။

စာပဒေသာ စာပေဆုတွင် ဒုတိယဆုကို **'နေမျိုးနွယ်'** ၏ **"ပြည်သူကြားသို့ အရောက်သွားခဲ့သော ဆေးကျောင်းသားတစ်ယောက်၏ ရသမှတ်တမ်း"**က ရရှိသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် ပထမဆုကို **'မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)'**၏ **"ဂျိန်းဖော့ (ဂျိန်းဖော) သွေးချင်းတို့၏ ဘဝအလှ"**က လည်းကောင်း၊ ဒုတိယဆုကို **' ဦးသောင်းထွန်း'**၏ **"ရိုးရာထိန်းလျက် ဆန်းသစ်တီထွင် ယွန်းရွှေစဉ်"**ကလည်းကောင်း၊ တတိယဆုကို **"ထူးထူးဝင်း (ရှေးဟောင်းသုတေသန)'**၏ **" ပထမမြန်မာနိုင်ငံတော်နှင့် ပုဂံရွှေနန်းတော်ကြီး"** ကလည်းကောင်း ရရှိသည်။

ကလေးစာပေဆုတွင် ပထမဆုကို **'ကန့်ဘလူခင်မောင်ဆွေ'**၏ **"သားရွှေစင် ကလေးကဗျာများ"** က လည်းကောင်း၊ ဒုတိယဆုကို **'ခင်မောင်မြင့် (ရွှေဆယ်မြေ)'**၏ **"မျိုးချစ်သူရဲကောင်းဖိုးအေးနှင့် အခြားဝတ္ထုတိုများ"** က လည်းကောင်း၊ တတိယဆုကို **'ဆွေသန်း'**၏ **" သမီးလေးရဲ့မနက်ခင်း ကလေးကဗျာများ"** ကလည်းကောင်း ရရှိသည်။

လူငယ်စာပေဆုတွင် ပထမဆုကို **'နေမျိုးသန့်'**၏ **"မိုးသောက်နေခြည်ဦး"**က လည်းကောင်း၊ ဒုတိယဆုကို **'သွဲ့ထားညို(သက္ကလ)'**၏ **"အိပ်မက်များရဲ့ မနက်ဖြန်'**က လည်းကောင်း၊ တတိယဆုကို **'ဝတ်ရည်ခင်(ပဲခူး)'**၏ **"ထက်မြက်စွမ်းအင်နှင့် လူငယ်ဝတ္ထုတိုများ"**ကလည်းကောင်း ရရှိသည်။

ပြဇာတ်စာပေဆုတွင် ပထမဆုကို **'ငြိမ်းမင်း'**၏ **"တစ်ပင်ကျိုးလျှင် နောက်နှစ်ပင်"**က လည်းကောင်း၊ ဒုတိယဆုကို **'မောင်ဆန္ဒ(လယ်ဝေး)'**၏ **"နေနဲ့လပြဇာတ်"** ကလည်းကောင်း၊ တတိယဆုကို **'တင်ထွန်းဦး(ယဉ်ကျေးမှု)'**၏ **"လူငယ်အားမာန်နှင့် သားကောင်းရတနာပြဇာတ်များ"**ကလည်းကောင်း ရရှိသည်။

နိုင်ငံရေးစာပေဆုတွင် ဒုတိယဆုကို **'မြင့်စိုး(နတလ)'**၏ **"နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ နှစ်(၂၀)ခရီး"**က ရရှိသည်။

ဘာသာပြန်စာပေဆုတွင် ပထမဆုကို **'ဒေါက်တာညွန့်ရွှေ(တောင်ကြီး)'** ဘာသာပြန်ဆိုသည့် **"ရာသီဥတုထိန်းညှိပြုပြင်မှု"**က ရရှိသည်။

ဆုရသူများသည် ရန်ကုန်မြို့ အမှတ်၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်ရှိ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး ဖုန်း-၀၁-၃၈၁၄၄၈ သို့ **တစ်ပတ်အတွင်း** ဆက်သွယ်သတင်းပို့ကြရန်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို **၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီ**တွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပမည့် ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု ဆုနှင်းသဘင်အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်သည်။

စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော စာမူရှင်များသည် ဆုရွေးချယ်ခြင်း မခံရသော စာမူများကို ဆုစာရင်းထုတ်ပြန်ပြီးနောက် ခြောက်လအတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ပြန်လည်ထုတ်ယူနိုင်သည်။

၂၀၁၀ ခုနှစ်အတွက် စာပေဗိမာန်စာမူ ပြိုင်ပွဲ ယှဉ်ပြိုင်လိုသူများသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်နောက်ဆုံးထား၍ တင်သွင်းနိုင်သည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို နယ်မှမှာယူလိုသူများသည် ငွေကျပ် ၂၀၀ ပေးပို့မှာယူနိုင်ပြီး စည်းကမ်းချက်များတွင်ပါရှိသည့် ဘာသာရပ်အလိုက် **စာလုံးရေကန့်သတ်ချက်အတိုင်း** ပြိုင်ပွဲဝင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၇

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၄၆)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swe Sone Media Groupမှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ မြန်မာ-တရုတ် ကုန်သွယ်မှု တိုးမြှင့်ရန် ယူနန်၌ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်မည်၊ မြန်မာနိုင်ငံ၏ အကြီးဆုံးဈေးဝယ်စင်တာကြီးကို ယခုလကုန်၌ ဖွင့်မည်၊ နေပြည်တော်ဟိုတယ်ဇုန်တွင် အထပ်မြင့်ဟိုတယ်များအပါအဝင် ဟိုတယ်ငါးလုံးတည်ဆောက်လျက်ရှိ၊ ကိုရီးယားနည်းပညာသုံး ပြည်တွင်းစက်မှုဇုန်ထုတ် ဇိမ်ခံကားများရောင်းချနေ၊ အွန်လိုင်းမှ ဖုန်းလျှောက်ထားခြင်း ယခုလအတွင်းစတင်မည်၊ နေပြည်တော်ကျောက်မျက်ပွဲတွင် အလေးချိန် ငါးပိဿာခန့်ရှိ ရှားပါးခရမ်းရောင်ကျောက်စိမ်း အမြင့်ဆုံးဈေးဖြင့် စံချိန်တင်ရောင်းချရ၊ ပြင်ဦးလွင်၌ အနုပညာရှင် ၁၀၀ ကျော်ဖြင့် ဂီတပွဲတော်ကြီး ယခုလအတွင်းကျင်းပမည်၊ ၁၁၅ မိုင် နားနေစခန်းတွင် ပထမဆုံးညအိပ်တည်းခိုနိုင်မည့် Inn ဖွင့်လှစ်မည်၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ဗီဇာတစ်ခုတည်းဖြင့် သွားလာနိုင်ရေး ညှိနှိုင်းစီစဉ်နေ၊ ကမ္ဘာကျော် ဟာလောင်းပင်လယ်အော်သို့ တစ်ခေါက်၊ ထိပ်တန်းလက်ဝှေ့သမားများပါဝင်၍ သရေပွဲမရှိသည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး ကျင်းပမည်၊ ဆီလီကွန်ဖြင့် ရုပ်ပြောင်းရုပ်လွှဲနည်းပညာကို ပြည်တွင်း၌ဆောင်ရွက်ပေးလျက်ရှိ၊ စင်ကာပူနှင့် မလေးရှားတွင် မြန်မာတီးဝိုင်းလေးဝိုင်းနှင့် အဆိုတော် ၅၀ ခန့် ပထမဆုံး ဖျော်ဖြေမည်၊ ကျပ်ငါးသိန်းထက်လျော့သောဖုန်းများ မြန်မာ့ဆက်သွယ်ရေးက ချထားပေးမည်မဟုတ်ဟုဆို၊ ကမ္ဘာ့အကြီးဆုံး နေရောင်ခြည်စွမ်းအင်သုံးသင်္ဘော အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်သန်း၊ နေ၏အပူကို သိုမှီးထားနိုင်ပြီး ဘက်ထရီများကိုအားသွင်းပေးနိုင်သည့် ရှားပါးသတ္တုတစ်မျိုးတွေ့ရှိ၊ မိုးပျံပူဖောင်းဖြင့် အမြင့်ပေ ၁၈၀၀၀ တွင် မိုင်ပေါင်း ၁၀၀ ခရီးထွက်ခဲ့၊ ရဟတ်ယာဉ်၊ လေယာဉ်ပျံနှင့် သံချပ်ကာကားအဖြစ် အသုံးပြု၍ရသော ယာဉ်ပျံများ ထွက်ပေါ်လာတော့မည်၊ တရုတ်အမြန်ရထားက တစ်နာရီ ၃၀၂ မိုင်နှုန်းဖြင့် ကမ္ဘာ့အမြင့်ဆုံးစံချိန်ချိုး၊ Google Earth ၏ စနစ်သစ်ကအိမ်များ၊ သစ်ပင်များကို 3D ဖြင့် မြင်တွေ့နိုင်၊ အမေရိကန်က အာကာသသို့ လျှို့ဝှက်လွှတ်တင်ထားသည့် သူလျှိုအာကာသယာဉ် ခုနစ်လကြာပြီးနောက် ကမ္ဘာမြေသို့ပြန်လည်ရောက်ရှိ၊ စကြဝဠာအတွင်း၌ ဂြိုဟ်သားများကို မကြာမီ တွေ့မြင်ရတော့မည်ဟုဆို. . . "စသည့် စိတ်ဝင်စားဖွယ် သတင်းများဖြင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျိုင်းလန်း-၂ ကတ္တရာလမ်း ပြုပြင် ဆောင်ရွက်နေမှုအခြေအနေကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူး ဦးအေးချို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဌေးကြွယ် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘုရင့်နောင်လမ်းဘေး ဝဲ၊ ယာတွင် ပလက်ဖောင်းကတ်တုံးများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမြင့်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

☆ ကျောဖုံးမှ

(၂) အမျိုးသားလွှတ်တော်

(ကက) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၂၉၀၂၁၆၀၈ ဦး
(ခခ) ဆန္ဒမဲပေးသူဦးရေ ၂၂၂၈၃၄၆၅ ဦး
(ဂဂ) ဆန္ဒမဲပေးမှုရာခိုင်နှုန်း ၇၆. ၇၈ %

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးအပါအဝင်)

(ကက) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၂၈၅၃၄၂၁၆ ဦး
(ခခ) ဆန္ဒမဲပေးသူဦးရေ ၂၁၈၆၃၁၂၃ ဦး
(ဂဂ) ဆန္ဒမဲပေးမှုရာခိုင်နှုန်း ၇၆. ၆၂ %

(ဂ) ခိုင်လုံသောဆန္ဒမဲရရှိမှုအခြေအနေ

(၁) ပြည်သူ့လွှတ်တော်

(ကက) ဆန္ဒမဲပေးသူဦးရေ ၂၂၄၂၁၁၂၃ ဦး
(ခခ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် ၂၀၈၆၅၁၆၁ မဲ
(ဂဂ) ခိုင်လုံသော ဆန္ဒမဲရရှိမှုရာခိုင်နှုန်း ၉၃. ၀၆ %

(၂) အမျိုးသားလွှတ်တော်

(ကက) ဆန္ဒမဲပေးသူဦးရေ ၂၂၂၈၃၄၆၅ ဦး
(ခခ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် ၂၀၈၅၁၀၇၈ မဲ
(ဂဂ) ခိုင်လုံသော ဆန္ဒမဲရရှိမှုရာခိုင်နှုန်း ၉၃. ၅၇ %

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးအပါအဝင်)

(ကက) ဆန္ဒမဲပေးသူဦးရေ ၂၁၈၆၃၁၂၃ ဦး
(ခခ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် ၂၀၂၄၅၁၅၇ မဲ
(ဂဂ) ခိုင်လုံသော ဆန္ဒမဲရရှိမှုရာခိုင်နှုန်း ၉၂. ၆၀ %

(ဃ) ပယ်မဲ၊ ပျောက်မဲ အခြေအနေ

(၁) ပြည်သူ့လွှတ်တော်

(ကက) ဆန္ဒမဲပေးသူဦးရေ ၂၂၄၂၁၁၂၃ ဦး
(ခခ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် ၂၀၈၆၅၁၆၁ မဲ
(ဂဂ) ပယ်မဲ၊ ပျောက်မဲအရေအတွက် ၁၅၅၅၉၆၂ မဲ
(ဃဃ) ဆန္ဒမဲရရှိမှုအနက် ပယ်မဲ၊ပျောက်မဲရာခိုင်နှုန်း ၆. ၉၄ %

(၂) အမျိုးသားလွှတ်တော်

(ကက) ဆန္ဒမဲပေးသူဦးရေ ၂၂၂၈၃၄၆၅ ဦး
(ခခ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် ၂၀၈၅၁၀၇၈ မဲ
(ဂဂ) ပယ်မဲ၊ ပျောက်မဲအရေအတွက် ၁၄၃၂၃၈၇ မဲ
(ဃဃ) ဆန္ဒမဲရရှိမှုအနက် ပယ်မဲ၊ပျောက်မဲရာခိုင်နှုန်း ၆. ၄၃ %

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးအပါအဝင်)

(ကက) ဆန္ဒမဲပေးသူဦးရေ ၂၁၈၆၃၁၂၃ ဦး
(ခခ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် ၂၀၂၄၅၁၅၇ မဲ
(ဂဂ) ပယ်မဲ၊ ပျောက်မဲအရေအတွက် ၁၆၁၇၉၆၆ မဲ
(ဃဃ) ဆန္ဒမဲရရှိမှုအနက် ပယ်မဲ၊ပျောက်မဲရာခိုင်နှုန်း ၇. ၄၀ %

(င) လွှတ်တော်ကိုယ်စားလှယ်လောင်းများ ယှဉ်ပြိုင်မှုအခြေအနေ

(၁) ပြည်သူ့လွှတ်တော်

(ကက) ယှဉ်ပြိုင်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၉၈၉ ဦး
(ခခ) နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၉၄၉ ဦး
(ဂဂ) တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၄၀ ဦး
(ဃဃ) နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းရာခိုင်နှုန်း ၉၅. ၉၆ %
(ငင) တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းရာခိုင်နှုန်း ၄. ၀၄ %

(၂) အမျိုးသားလွှတ်တော်

(ကက) ယှဉ်ပြိုင်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၄၇၉ ဦး
(ခခ) နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၄၇၂ ဦး
(ဂဂ) တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၇ ဦး
(ဃဃ) နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းရာခိုင်နှုန်း ၉၈. ၅၄ %
(ငင) တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းရာခိုင်နှုန်း ၁. ၄၆ %

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါအဝင်)

(ကက) ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၁၆၀၁ ဦး
(ခခ) နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၁၅၆၆ ဦး
(ဂဂ) တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၃၅ ဦး
(ဃဃ) နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းရာခိုင်နှုန်း ၉၇. ၈၁ %
(ငင) တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းရာခိုင်နှုန်း ၂. ၁၉ %

(စ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ခံရမှု အခြေအနေ

(၁) ပြည်သူ့လွှတ်တော်

(ကက) နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ ၉၄၉ ဦး
(ခခ) ရွေးကောက်တင်မြှောက်ခံရသော နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များဦးရေ ၃၂၄ ဦး
(ဂဂ) ရွေးကောက်တင်မြှောက်ခံရမှုရာခိုင်နှုန်း ၃၄. ၁၄ %

(၂) အမျိုးသားလွှတ်တော်

(ကက) နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ ၄၇၂ ဦး
(ခခ) ရွေးကောက်တင်မြှောက်ခံရသော နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များဦးရေ ၁၆၇ ဦး
(ဂဂ) ရွေးကောက်တင်မြှောက်ခံရမှုရာခိုင်နှုန်း ၃၅. ၃၈ %

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးအပါအဝင်)

(ကက) နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ ၁၅၆၆ ဦး
(ခခ) ရွေးကောက်တင်မြှောက်ခံရသော နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များဦးရေ ၆၅၇ ဦး
(ဂဂ) ရွေးကောက်တင်မြှောက်ခံရမှုရာခိုင်နှုန်း ၄၁. ၉၅ %

(ဆ) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ခံရမှု အခြေအနေ

(၁) ပြည်သူ့လွှတ်တော်

(ကက) ပါဝင်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ ၄၀ ဦး
(ခခ) ရွေးကောက်တင်မြှောက်ခံရသော တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များဦးရေ ၁ ဦး
(ဂဂ) ရွေးကောက်တင်မြှောက်ခံရမှုရာခိုင်နှုန်း ၂. ၅ %

(၂) အမျိုးသားလွှတ်တော်

(ကက) ပါဝင်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ ၇ ဦး
(ခခ) ရွေးကောက်တင်မြှောက်ခံရသော တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များဦးရေ ၁ ဦး
(ဂဂ) ရွေးကောက်တင်မြှောက်ခံရမှုရာခိုင်နှုန်း ၁၄. ၂၉ %

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးအပါအဝင်)

(ကက) ပါဝင်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ ၃၅ ဦး
(ခခ) ရွေးကောက်တင်မြှောက်ခံရသော တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များဦးရေ ၄ ဦး
(ဂဂ) ရွေးကောက်တင်မြှောက်ခံရမှုရာခိုင်နှုန်း ၁၁. ၄၃ %

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၁၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ ဆရာတော်ဘဒ္ဒန္တဝိစိတ္တ ဟောကြားတော်မူသောတရားတော်
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၉၈)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၅)**
၈း၄၅ Activities In The City -ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် မဟာကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲ -မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်းသတ္တမအကြိမ်တွေ့ဆုံပွဲ
၉း၁၅ သန်လျင်မြို့နတ်စင်တစ်ရာကျောင်းတိုက်မှဆရာတော် ဘဒ္ဒန္တပညာတေဇ၏ဝိဇာတမွေးနေ့မင်္ဂလာ
၉း၃၀ အားကစားမြင်ကွင်းစုံ
၉း၅၅ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ဗဟုသုတလေ့လာပါ RESOURCE CENTRE မှာ
၁၀း၁၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၀း၄၅ ဓာတ်ပုံထဲမှအမှတ်တရများ (နီနီခင်ဇော်)
၁၁း၂၀ သင်ယူလေ့လာဂီတပညာ (Sound Creation Module 1 Looping)
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ဖြူစင်နွေးထွေးတဲ့မိသားစုအိမ်ကလေး)
၁၂း၄၅ ကုသိုလ်စုဘူးအကျိုးထူး
၁း၀၀ ဆရာတော်ဘဒ္ဒန္တဝိစိတ္တ ဟောကြားတော်မူသောတရားတော်
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း (ခရီးသွားတာကောင်းတယ်၊ ခရီးမသွားတာကောင်းတယ်)
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၈)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၅)**
၄း၅၀ အရည်အသွေးမြင့်မားသော နည်းပညာမှသည် Giant Elevator & Escalator ဆီသို့
၅း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ သင်ကြားရေးလမ်းညွှန် (G.E.S.C တရုတ်ဘာသာစကားသင်တန်းကျောင်း)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၉)**
၇း၂၀ Cartoon Show Time (TARZAN & JANE)
၈း၀၀ MRTV-4 သတင်း
၈း၃၀ မြန်မာ့ရုပ်ရှင်နှစ်(၉၀)ပြည့် ဂုဏ်ပြုအစီအစဉ် (အပိုင်း-၁)
၉း၁၀ Celebrity Style (သရုပ်ဆောင်ခရစ္စတီးနားနှင့်တွေ့ဆုံခြင်း)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၆)**
၁၀း၁၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဘုတ်ဘုတ်နှင့်တွေ့ဆုံခြင်း)
၁၀း၃၅ လွယ်ကူမြန်ဆန်စေရာ. . . စံမြန်မာ
၁၀း၅၀ World of Knowledge (Ultimate Disaster: Earthquake)
၁၁း၄၀ အာဟာရနှင့်ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်ဇင်)
၁၂း၀၅ Movie Mistakes (Matrix)
၁၂း၂၅ ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
၁၂း၃၅ လှုပ်ရှားစုံစုံမြန်မာ့သုခုမဇာတ်ခုံ (မဟာရန်ကုန်စံပြသဘင်)(အပိုင်း-၂)
၁၂း၅၀ စက္ကူလွှင်လွှင်ပန်းယဉ်ယဉ် အလှဆင်စေချင်
၁း၀၀ စဉ်ဆက်မပြတ်ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ
၁း၁၅ အိမ်တွင်းစီးပွားမှုန့်လုပ်နည်းပညာများ(ပေါက်စီပြုလုပ်နည်း)
၁း၂၅ စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလားဥဿဖရား) (အပိုင်း-၂)
၁း၅၀ အသိစိတ်ကလေးအရင်းတည်၍ (ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
၂း၀၅ ရှေ့သို့ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း (ခေတ်မီအစားထိုး Steel ပစ္စည်းအမျိုးမျိုး)
၂း၃၅ သင့်မိသားစုနှင့် သင့်ပိုင်ဆိုင်မှုများအတွက်
၂း၄၅ သာယာစိုပြည်ကြံခင်းမြေ
၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၀ ဖန်သားရုပ်မြင်စာဆိုသဘင် (စာရေးဆရာမ မစန္ဒာ)
၄း၃၀ ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်၏တစ်သက်စာ ဝိပဿနာ
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အီရန်နျူကလီးယားအရေး နောက်တစ်ကျော့ ဆွေးနွေးပွဲများ ဇန်နဝါရီလကုန်ပိုင်းတွင် တူရကီနိုင်ငံအစ္စတန်ဘူမြို့၌ ကျင်းပမည်

ဂျီနီဗာ ဒီဇင်ဘာ ၇

အီရန်နျူကလီးယားအရေး နောက်ထပ်တစ်ကျော့ ဆွေးနွေးပွဲများကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းတွင် တူရကီနိုင်ငံ အစ္စတန်ဘူမြို့၌ ကျင်းပမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ (အီးယူ)၏ နိုင်ငံခြားရေးရာ အကြီးအကဲ ကက်သရင်း အက်ရှ်တန်က အင်္ဂါနေ့တွင် ကျင်းပသည့် အီရန်နျူကလီးယားအရေး ဆွေးနွေးပွဲများအပြီးတွင် ကြေညာသည်။

ပါဝင်ဆွေးနွေးသည့် နိုင်ငံများအနေဖြင့် အီရန်နိုင်ငံ၏ နျူကလီးယားလုပ်ငန်းစဉ်များအပေါ်တွင် အသေးစိတ် ခြေခြေမြစ်မြစ် ဆွေးနွေးချဉ်းကပ်မှုနှင့် အီရန်နိုင်ငံအနေဖြင့် ကမ္ဘာသား ဆိုင်ရာ အသိစိတ်ဓာတ်ဖြင့် လိုက်လျောမှုများပြုရန် လိုအပ်ချက်တို့နှင့် ပတ်သက်ပြီး ဦးဆောင်ဦးရွက်ပြုနိုင်ခဲ့ကြောင်းဖြင့်လည်း အက်ရှ်တန်က ပြောကြားသည်။

မိမိတို့အနေဖြင့် အီရန်နိုင်ငံ၏ အခွင့်အရေးများကို အသိအမှတ်ပြုပါကြောင်း၊ သို့ရာတွင် အီရန်အနေဖြင့်လည်း အပြည့်အဝ တာဝန်ယူမှုရှိရမည်ဖြစ်ကြောင်း၊ ပြဿနာကို ဖြေရှင်းရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားနှင့်ဆိုင်သော အခြားကိစ္စများတွင်ပါ ယေဘုယျရပ်တည်မှုများကို ရှာဖွေရန် မိမိတို့အသင့်ရှိကြောင်းဖြင့်လည်း အက်ရှ်တန်က ထည့်သွင်းပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများ၊ ဂျာမနီနှင့် အီရန်နိုင်ငံတို့အကြား ဆွေးနွေးသည့် အီရန်နျူကလီးယားဆိုင်ရာ ဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် နှစ်ရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဥရောပသမဂ္ဂ (အီးယူ)၏ နိုင်ငံခြားရေးရာ အကြီးအကဲ ကက်သရင်း အက်ရှ်တန်။

ဂျာမန်သတင်းထောက်နှစ်ဦးကို ပြန်လွှတ်ရေး အီရန်အစိုးရ စဉ်းစားသုံးသပ်လျက်ရှိ

တီဟီရန် ဒီဇင်ဘာ ၇

အဖမ်းခံထားရသော ဂျာမန်သတင်းထောက်နှစ်ဦးကို ပြန်လည်လွှတ်ပေးရန် ဂျာမနီနိုင်ငံ၏ မေတ္တာရပ်ခံချက်ကို အီရန်နိုင်ငံက စဉ်းစားလျက်ရှိကြောင်း အီရန်အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဒီဇင်ဘာ ၇ ရက်တွင် ပြောကြားသည်။

ဂျာမနီနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံနှင့်အတူ အီရန်နိုင်ငံနှင့် ဆွေးနွေးလျက်ရှိနေချိန်အတွင်း အီရန်ပြောရေးဆိုခွင့်ရှိသူက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲတွင် အီရန်၏နျူကလီးယားပြဿနာနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

နှစ်သစ်ကူး ခရစ္စမတ်ပွဲတော်ကာလတွင် ဂျာမန်သတင်းထောက်နှစ်ဦးနှင့် ၎င်းတို့၏မိသားစုတို့ ပြန်လည်ပေါင်းစည်းခွင့်ပေးရန် ဂျာမနီနိုင်ငံ၏ မေတ္တာရပ်ခံချက်ကို မိမိတို့စဉ်းစားသုံးသပ်လျက်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရာမင်မာမန်ပါရက်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဂျာမနီနိုင်ငံရှိ ဘီးလ်ဒမ်ဆွန်တက်အမည်ရှိ အပတ်စဉ်ထုတ်စာစောင်မှ သတင်းထောက်နှစ်ဦးသည် အောက်တိုဘာလက အဖမ်းခံခဲ့ရသည်။ ဂျာမန်သတင်းထောက်နှစ်ဦး အဖမ်းခံရမှုကြောင့် နျူကလီးယားဆွေးနွေးပွဲအကြိုကာလတွင် အီရန်နှင့် ဥရောပအဖွဲ့ဝင်နိုင်ငံများအကြား တင်းမာမှုများ ပေါ်ပေါက်ခဲ့ရသည်။

အီရန်နိုင်ငံတွင် ရာဇဝတ်ဥပဒေအရ ပြစ်ဒဏ်ချမှတ်ခံရသော အမျိုးသမီးတစ်ဦး၏ သားတစ်ဦးကို လူတွေ့မေးမြန်းခန်း ပြုလုပ်သည့် ဂျာမန်သတင်းထောက်နှစ်ဦးကို သူလျှိုလုပ်မှုဖြင့် စွဲချက်တင်မည် မဟုတ်ကြောင်း အီရန်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အင်တာနက်။**

ပြန်ပေးဆွဲခံရသော ဘင်္ဂလားဒေ့ရှ် သင်္ဘောနှင့် အာဏာပိုင်များ အဆက်အသွယ်ပြတ်တောက်

ဒါကာ ဒီဇင်ဘာ ၇

အိန္ဒိယနိုင်ငံပိုင် လက်ရှာမီကျွန်းစုအနီး၌ လွန်ခဲ့သည့်နှစ်ရက်က ပျောက်ဆုံးသွားခဲ့သော ဘင်္ဂလားဒေ့ရှ် သင်္ဘောတစ်စင်းနှင့် အဆက်အသွယ် ပြတ်တောက်သွားပြီဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များက ဒီဇင်ဘာ ၇ ရက်တွင် ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်အလံလွှင့်ထူထားသော "အမ်ဗွီဂျာဟန်မိုနီ" အမည်ရှိ သင်္ဘောသည် ဂရိနိုင်ငံသို့ ဦးတည်သွားရောက်နေချိန်အတွင်း အာရေဗျပင်လယ်တွင် ဒီဇင်ဘာ ၆ ရက်က ပြန်ပေးဆွဲခံခဲ့ရသည်။ အဆိုပါ သင်္ဘောပေါ်တွင် သင်္ဘောဝန်ထမ်း ၂၅ ဦးနှင့် အင်ဂျင်နီယာချုပ်၏ ဇနီးတို့ လိုက်ပါလာခဲ့ကြပြီး ၎င်းတို့၏ ကံကြမ္မာကို မသိရပေ။

ပင်လယ်ဓားပြများက အာဏာပိုင်တစ်ဦးတစ်ယောက်ထံ အဆက်အသွယ်ပြုလုပ်ခဲ့ခြင်း မရှိသည့်အပြင် ပြန်ပေးရွေးငွေ တောင်းခံခြင်း မရှိသေးကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါ သင်္ဘောကို ဒီဇင်ဘာ ၆ ရက် ညနေ ၄ နာရီက ဆိုမာလီပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ရေမိုင် ၁၁၀၀ ခန့်အကွာတွင် တွေ့ရှိရကြောင်း၊ ယင်းသင်္ဘောသည် ဆိုမာလီကမ်းရိုးတန်းဘက်သို့ ဦးတည်ကာ တစ်နာရီလျှင် ရေမိုင် ၁၀ မိုင်အမြန်နှုန်းဖြင့် မောင်းနှင်နေကြောင်း ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေကြောင်းဌာနက ပြောကြားသည်။ အဆိုပါ ဌာနသည် ပြန်ပေးဆွဲခံထားရသော သင်္ဘောကို ဂြိုဟ်တုမှတစ်ဆင့် လေ့လာစောင့်ကြည့်လျက်ရှိသည်။

ဆိုမာလီ ပင်လယ်ကမ်းရိုးတန်းသို့ သင်္ဘောဆိုက်ရောက်သည့်အခါ ပင်လယ်ဓားပြများက ပြန်ပေးရွေးငွေကို တောင်းခံဖွယ်ရှိသည်ဟု မျှော်လင့်ရကြောင်း သင်္ဘောလုပ်ငန်းကုမ္ပဏီက ပြောကြားသည်။ **အင်တာနက်။**

ဝီကီလိခ်စ်တည်ထောင်သူအား လိင်ပြစ်မှုဖြင့် လန်ဒန်ရဲကဖမ်းဆီး

လန်ဒန် ဒီဇင်ဘာ ၇

ဝီကီလိခ်စ် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း တည်ထောင်သူနှင့် အယ်ဒီတာချုပ်ဖြစ်သူ ဂျူလီယန်အက်ဆန်းအား ဆွီဒင်နိုင်ငံတွင် လိင်ပြစ်မှုကျူးလွန်ခဲ့သည်ဆိုသော စွပ်စွဲချက်ဖြင့် ဒီဇင်ဘာ ၇ရက်တွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

လန်ဒန်မြို့လယ်ရှိ ရဲစခန်းတစ်ခုသို့ ဒေသစံတော်ချိန် နံနက် ၉နာရီခွဲခန့်တွင် ၎င်း၏ဆန္ဒအလျောက်လာရောက်အဖမ်းခံခဲ့ပြီးနောက် အသက် ၃၉နှစ်အရွယ်ရှိ ဩစတြေးလျအမျိုးသား ဂျူလီယန်အက်ဆန်းအား စကော့တလန်ယာဒ်စုံထောက်အဖွဲ့က ထိန်းသိမ်းလိုက်ကြောင်း စကိုင်းနယူးစ်သတင်းဌာနက ဖော်ပြခဲ့သည်။ အက်ဆန်းကိုဖမ်းဆီးရန်အတွက် ဆွီဒင်နိုင်ငံက ထုတ်ပြန်သည့် ဖမ်းဆီးဝရမ်းကို ဗြိတိန်က ဒီဇင်ဘာ ၆ရက်တွင် လက်ခံရရှိခဲ့သည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ဆွီဒင်နိုင်ငံသို့အလည်အပတ်သွားရောက်ခဲ့စဉ် အမျိုးသမီးနှစ်ဦးကို ဗလက္ကာရလုပ်ခဲ့သည် ဆိုသည့် စွပ်စွဲချက်ကို အက်ဆန်းကငြင်းပယ်ခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

ဗာရာဏသီတွင် အင်အားပြင်းပေါက်ကွဲမှု ဖြစ်ပွား

နယူးဒေလီ ဒီဇင်ဘာ ၇

အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ ဘာသာရေးအထွတ်အမြတ်မြို့တော် ဗာရာဏသီတွင် ယနေ့ညနေပိုင်းက အင်အားပြင်းထန်သော ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူတစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားကြောင်း ဒေသတွင်းသတင်းဌာနများက ဖော်ပြကြသည်။

ပေါက်ကွဲမှုမှာ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ဂျီပေါပီလိုင်းက ရုပ်မြင်သံကြားသတင်းဌာနတစ်ခုသို့ ပြောကြားသည်။

ဂင်္ဂါမြစ်ကမ်းဘေးရှိ ဘုရားကျောင်းတစ်ခုအနီးတွင် ဟိန္ဒူဘာသာရေးဆိုင်ရာ ဆုတောင်းပွဲတစ်ခုသို့ နိုင်ငံခြားသားအများစု အပါအဝင်ဖြစ်သော လူပရိသတ်များ ရာနှင့်ချီ၍စုရုံး ရောက်ရှိနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် နှစ်နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး သေဆုံးခဲ့ရကြောင်း ဒေသတွင်းရုပ်မြင်သံကြားသတင်းတစ်ခုက ထုတ်လွှင့်ဖော်ပြသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

၂၀၁၁၌ တူရကီတွင် ထပ်မံဆွေးနွေးရန် အီရန်သဘောတူ

ဂျီနီဗာ ဒီဇင်ဘာ ၇

လာမည့်နှစ်အစောပိုင်းတွင် တူရကီနိုင်ငံ အစ္စတန်ဘူမြို့၌ ဆွေးနွေးပွဲ ထပ်မံကျင်းပရန် သဘောတူညီမှုနှင့်အတူ အီရန်နှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံ၏ ဆွေးနွေးပွဲမှာ အင်္ဂါနေ့တွင် ပြီးဆုံးခဲ့သည်။

သို့သော် အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ကုလသမဂ္ဂ၏ အရေးယူမှုများကို မရုပ်သိမ်းပေးခဲ့လျှင် အနောက်အုပ်စုအနေဖြင့် နောက်တစ်ကြိမ် ဆွေးနွေးပွဲ၌ အောင်မြင်မှုရရှိမှာ မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ကတိမပေး

စစ်ဘက်နှင့် အရပ်ဘက်နှစ်မျိုးလုံး သုံးစွဲနိုင်သည့် တီဟီရန်၏ ယူရေနီယံသန့်စင်ခြင်းလုပ်ငန်းကို ရပ်ဆိုင်းထားရန် ကုလသမဂ္ဂ၏ တောင်းဆိုချက်အား ဆွေးနွေးရာတွင် အီရန်နိုင်ငံက ကတိပေးမှုမရှိခဲ့ကြောင်း ဆွေးနွေးပွဲတက်ရောက်ခဲ့ကြသည့် သံတမန်များက ပြောကြားသည်။

မကန့်ကွက်ခဲ့

အင်္ဂါနေ့၌ ပြီးဆုံးခဲ့သည့် နှစ်ရက်ကြာဆွေးနွေးပွဲတွင် ယူရေနီယံသန့်စင်ခြင်းအပေါ် အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ တရုတ်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီ အင်အားကြီးခြောက်နိုင်ငံက စိုးရိမ်ပူပန်မှုရှိနေကြောင်း ပြောကြားချက်ကို အီရန်ညှိနှိုင်းရေးမှူး ဆာအိဂျာလီလီက ကန့်ကွက်ခြင်းမရှိခဲ့ကြောင်း သံတမန်များက ပြောကြားသည်။ **အေပီ။**

ဓာတ်ငွေ့ဘောလုံးစီးသူနှစ်ဦး၏ ရုပ်အလောင်းများကို အီတလီပင်လယ်ကမ်းရိုးတန်း ကမ်းလွန်၌ ရှာဖွေတွေ့ရှိ

ရောမ ဒီဇင်ဘာ ၇

ဓာတ်ငွေ့ဘောလုံးစီးနင်းနေချိန်အတွင်း ပျောက်ဆုံးသွားခဲ့သော အမေရိကန်နိုင်ငံသားနှစ်ဦး၏ ရုပ်အလောင်းများကို အီတလီနိုင်ငံ ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်တွင် ရှာဖွေတွေ့ရှိရကြောင်း တာဝန်ရှိသူများက ယမန်နေ့တွင် ပြောကြားသည်။

အဆက်အသွယ်ပြတ်

(၅၄) ကြိမ်မြောက် ဂေါ်ဒွင်ဘင်းနက် ဓာတ်ငွေ့ဘောလုံး စီးနင်းမှုပြိုင်ပွဲ၌ ပါဝင်သူ အမေရိကန်နိုင်ငံသားနှစ်ဦးသည် စက်တင်ဘာ ၂၉ ရက်က ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများနှင့် အဆက်အသွယ် ပြတ်တောက်သွားခဲ့သည်။

အက်ဒရီယောတစ်ပင်လယ်ဝေဟင်အတွင်း ပျောက်ဆုံးသွားခဲ့သူ အမေရိကန်နှစ်ဦးမှာ နယူးမက္ကဆီကို ပြည်နယ် အယ်ဘူကာမြို့မှ ရစ်ချတ်အဘရှုဇ်နှင့် ကော်လိုရာဒိုပြည်နယ် ဒင်ဗာမြို့မှ ကာရိုးဇီမာဒေးဗစ်တို့ ဖြစ်ကြသည်။

၎င်းတို့နှစ်ဦးသည် စက်တင်ဘာ ၂၅ ရက်က အခြားသော ဓာတ်ငွေ့ဘောလုံးစီးသူ ၂၀ နှင့်အတူ အီတလီနိုင်ငံ ဘရစ္စတိုလ်မြို့မှ စတင်ကာထွက်ခဲ့ကြသည်။

သတင်းပို့ခဲ့

နောက်လေးရက်အကြာတွင် အီတလီနိုင်ငံတောင်ပိုင်း ဂါဂါနို ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်တွင် ၎င်းတို့ ဘေးအန္တရာယ်တွေ့ကြုံနေရသည်ဟု သတင်းပို့ခဲ့ကြသည်။

ပျောက်ဆုံးနေသော အမေရိကန်နှစ်ဦးကို ရှာဖွေရေးအဖွဲ့များက ရက်သတ္တတစ်ပတ်ကြာမျှ ရှာဖွေခဲ့ကြသည်။

အဆိုပါ အမေရိကန်နှစ်ဦးမှာ ဝါရင့်ဓာတ်ငွေ့ဘောလုံးစီးသူများ ဖြစ်ကြသည်။ ၎င်းတို့၏ ဓာတ်ငွေ့ဘောလုံးသည် ပင်လယ်ပြင်အတွင်းသို့ ထိုးကျခဲ့ပြီး ဓာတ်ငွေ့ဘောလုံးယာဉ် အပျက်အစီး အပိုင်းအစများကို အလောင်းများနှင့်အတူ ရှာဖွေတွေ့ရှိခဲ့ကြသည်။ **အင်တာနက်။**

ကုန်သေတ္တာတင် ရေယာဉ်တစ်စင်းနှင့် သဲတင်ရေယာဉ်တစ်စင်းတို့ ဟောင်ကောင်ကျွန်းအနီး ပင်လယ်ပြင်တွင် ဒီဇင်ဘာ ၇ ရက်က တိုက်မိပြီးနောက် သဲတင်ရေယာဉ် နစ်မြုပ်ခဲ့ရာ နှစ်ဦးသေ၊ တစ်ဦးဒဏ်ရာရရှိပြီး ခြောက်ဦး ပျောက်ဆုံးလျက်ရှိသည်။ ပုံတွင် ပျောက်ဆုံးသွားသော ရေယာဉ်အဖွဲ့သားများအား ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေနေကြစဉ်။

ဆင်ဟွာ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ဦးအောင်ဇေယျရုပ်တုဖွင့်ပွဲ တက်ရောက် ရွှေဘိုခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဖွင့်လှစ်ပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ဦးအောင်ဇေယျရုပ်တု၊ ထေရုပ္ပတ္တိ ကြေးသွန်းရုပ်တု မှတ်တမ်းကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက်၌ ကျင်းပသည့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျရုပ်တုဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အလောင်းမင်းတရားကြီး ဦးအောင်ဇေယျရုပ်တု တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူတို့က ဦးအောင်ဇေယျရုပ်တုကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မြင့်စိုးက ဦးအောင်ဇေယျရုပ်တု၊ ထေရုပ္ပတ္တိကြေးသွန်းရုပ်တု မှတ်တမ်းကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တာဝန်ရှိသူများက ထေရုပ္ပတ္တိကြေးသွန်းရုပ်တု မှတ်တမ်းကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများသည် ဦးအောင်ဇေယျရုပ်တု၊ ထေရုပ္ပတ္တိကြေးသွန်းရုပ်တု မှတ်တမ်းကမ္ပည်းမော်ကွန်းကြေးပြားနှင့် ကုန်းဘောင်မင်းဆက် (၁၁)ဆက်တို့၏ မှတ်တမ်းကြေးပြားတို့ကို လှည့်လည်ကြည့်ရှုကြပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရုပ်တုရှေ့၌ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ရွှေဘိုနယ်မြေခံတပ်ရင်းသို့ သွားရောက်၍ တပ်ရင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ တပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းမှ အရာရှိ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား၍ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ရွှေဘိုမြို့ မဟာနန္ဒာကန် သောက်သုံးရေသိုလှောင်ထားရှိမှု အခြေအနေများနှင့် ကန်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ရွှေဘို-ကျောက်မြောင်း လမ်းပိုင်းအခြေအနေနှင့် ရတနာသိဃ်တံတားအဝင် ချဉ်းကပ်လမ်း ဖောက်လုပ်မှုတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ပြီး တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ကျောက်မြောင်းဘက်ကမ်းနှင့် စဥ့်ကူးဘက်ကမ်းတို့၌ တံတားဘိုးပိုင်များ တည်ဆောက်ရန် တူးဖော်နေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက တံတားတည်ဆောက်ရေး စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မြင့်စိုးက လိုအပ်ချက်များကို အသေးစိတ်မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မြင့်စိုးသည် ခရိုင်ချင်းဆက်လမ်း ရွှေဘို-စစ်ကိုင်းလမ်းပိုင်းကို အပိုင်းလိုက် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ လမ်းတစ်လျှောက် တံတားကြီး၊ငယ်များ တည်ဆောက်ထားရှိမှု၊ လမ်းတစ်လျှောက် ကျေးရွာများဖွံ့ဖြိုးတိုးတက်မှုနှင့် လမ်းဘေး ဝဲ၊ယာ၌ ဆောင်းသီးနှံများစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စစ်ကိုင်းနယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားကာ တပ်ရင်းခန်းမ၌ နယ်မြေခံတပ်နယ်မှ အရာရှိ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများ ပုလဲမြို့နယ် ကုက္ကိုစုကျေးရွာ ရွှေမြင်တင်ကွင်းရှိ တောင်သူဦးထွန်းပိုင်၏ (CN-60) စပါးစိုက်ခင်း၌ မိုးစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပုလဲမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ပုလဲ ဒီဇင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးတင်အောင်နှင့် မုံရွာခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းတို့သည် ပုလဲမြို့နယ် မြေစာရင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇေသီဟသူနှင့် ဝန်ထမ်းများ၊ ကျေးရွာစိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ကုက္ကိုစုကျေးရွာ ရွှေမြင်တင်ကွင်း ဦးပိုင်အမှတ် ၉၀၃(ခ) တောင်သူဦးထွန်းပိုင်၏ (CN-60) စပါးစိုက်ခင်းတွင် မိုးစပါးစံကွက် ရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဇော်ထွန်းအောင်နှင့် မြန်မာ့ဝါလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးစိုးမြင့်တို့ လိုက်ပါဆောင်ရွက်ကြသည်။

ယခုစံကွက်ရိတ်သိမ်းသည့် တောင်သူဦးထွန်းပိုင်၏ (CN-60) မိုးစပါးစိုက်ခင်းမှ တစ်ဧကအထွက်နှုန်း တင်း ၉၀ ထွက်ရှိကြောင်းသိရသည်။ (မြို့နယ်ပြန်/ဆက်)

ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် ဒီဇင်ဘာ ၇

ယနေ့မွန်းလွဲ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ မချီလီပတ္တနမ်မြို့၏ တောင်ဘက် မိုင် ၁၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ မုန်တိုင်းငယ်သည် မြောက်(သို့မဟုတ်) အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားမည်ဟုခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟု သတ်မှတ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ သက်ကြီးဘူမိဗေဒ ပညာရှင်များအား ဒုတိယအကြိမ် ပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၇

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းက ကြီးမှူး၍ အသက်(၇၀)နှင့်အထက် သက်ကြီးဘူမိဗေဒ ပညာရှင်များအား ဒုတိယအကြိမ် ပူဇော်ကန်တော့ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရန်ကုန်မြို့ Excel Treasure Hotel ၌ ကျင်းပမည်ဖြစ်သည်။ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက်(၇၀)ပြည့်ပြီးသူ သက်ကြီးဘူမိဗေဒပညာရှင်များ ပူဇော်ကန်တော့ခံနိုင်ရန် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းရုံး အခန်း (၃၀၂) မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့ ဖုန်း-၅၁၉၆၇၄ မှ ၅၁၉၆၇၆ ထိ လိုင်းခွဲ (၅၀၁)သို့ ဆက်သွယ်စာရင်းပေးပို့ကြရန်နှင့် တက္ကသိုလ်အသီးသီးမှ ဘူမိဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဘူမိဗေဒပညာရှင်များ၊ ပြည်ပရောက် မြန်မာနိုင်ငံ ဘူမိဗေဒပညာရှင်များ၊ တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း အလှူငွေများ ပါဝင်လှူဒါန်းနိုင်သည်။

အလှူငွေများကို ဦးလှကြည် (၁၉၆၆) ဖုန်း-၀၁-၅၈၀၁၁၅၊ ဦးမောင်မောင်စန်း (၁၉၇၆)ဖုန်း-၀၉-၅၁၃၅၉၅၉၊ ဦးမြင့်ဝေ (၁၉၆၈)ဖုန်း-၀၉-၅၁၉၇၆၁၃၊ ဦးသိန်းဝင်း(၁၉၆၉)ဖုန်း-၀၉-၅၁၆၉၅၂၁၊ ဒေါက်တာတင်ငွေးမူ(၁၉၆၉)ဖုန်း-၀၉-၅၁၅၃၄၄၁၊ ဦးကြိုင်စိန်(၁၉၆၉)ဖုန်း-၀၉-၂၀၄၂၀၅၄၊ ဒေါ်ဆွေဆွေအေး (၁၉၆၉)ဖုန်း-၀၉-၅၁၃၁၅၈၄၊ ဦးဇေမောင်သိန်း MDY (၁၉၆၉)ဖုန်း- ၀၉-၂၃၃၄၅၃၊ ဦးတင်ကျော်သန်း(၁၉၇၀)ဖုန်း-၀၉-၅၀၀၂၅၈၁၊ ဦးသန်းထွန်း MDY(၁၉၇၂)ဖုန်း-၀၉-၅၁၅၁ ၃၀၉၊ ဦးအာသာဖေ MDY (၁၉၇၃)ဖုန်း- ၀၉-၉၀၆၁၈၅၁၊ ဦးလှမြင့် MDY(၁၉၇၃)ဖုန်း-၇၃၀၉၆၅၄၀၊ ဦးရိစိန် (၁၉၇၄) ဖုန်း-၀၉-၅၀၄၀၄၁၁၊ ဦးတော်မိသိန်း MDY(၁၉၇၄)ဖုန်း-၀၉-၂၀၀၁၅၉၈၊ ဦးအေးလွင်(၁၉၇၇)ဖုန်း-၀၉-၅၀၀၆၂၅၈၊ ဦးဉာဏ်လွင်(၁၉၈၀)ဖုန်း-၀၉-၅၁၈၇၀၃၀၊ ဦးရဲမြတ်စိုး (၁၉၈၁) ဖုန်း-၀၉-၅၀၁၈၆၂၅၊ ဦးကောင်းနိုင်(၁၉၈၂)ဖုန်း-၀၉-၉၉၂၅၂၅နှင့် ဦးစိုးသူရထွန်း(၁၉၉၂)ဖုန်း-၀၉-၅၁၄၄၀၀၅ တို့သို့ ဆက်သွယ်လှူဒါန်းကြရန်နှင့် ကျန်ရှိသောဘွဲ့ရနှစ်များမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ အားလုံးလည်း ပူးပေါင်းပါဝင်လှူဒါန်းကြရန် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ကျင်းပရေးကော်မတီက နှိုးဆော်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဒီဇင်ဘာ ၇

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော CNOOC Myanmar Limited သည် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-4 နှင့် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-10 တို့တွင် 2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Nan Hal 502 ဖြင့် ဒီဇင်ဘာ ၁၇ ရက်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် တည်နေရာ ဧရိယာများမှာ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-4 တွင် Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၃ မိနစ် ၀၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ်၊ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ် ၀၀စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၅၂ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၀၀ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၉ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၁ မိနစ် ၀၀ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၆ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၇ မိနစ် ၀၀ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၄၃ မိနစ် ၀၀ စက္ကန့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၂ မိနစ် ၀၀ စက္ကန့်၊ Point G မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၇ မိနစ် ၀၀စက္ကန့်၊ Point H မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၄ မိနစ် ၀၀ စက္ကန့်နှင့် Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၃ မိနစ် ၀၀ စက္ကန့် အတွင်းတွင်လည်းကောင်း၊ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-10 တွင် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၀ မိနစ် ၀၀စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်နှင့် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-4 နှင့် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-10 တို့တွင် 2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Nan Hai 502 ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း၊ ငါးဖမ်းကိရိယာအထောက်အကူပြုပစ္စည်းများဖြစ်သည့် ဝါးပိုးဝါးများသွယ်တန်းစိုက်ထားခြင်းနှင့် ကျားပိုက်များ သွယ်တန်းချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

❀ရှေ့ဖုံးမှ

ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ ရှေးဦးစွာ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးက အမှာစကား ပြောကြားရာတွင် ယခုနှစ်ကျင်းပသည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသည် ထူးခြားလေးနက်သည့် အခမ်းအနားဖြစ်ကြောင်း။

လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်ဖြစ်သည့်-

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး အတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ် စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး တို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပ ပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး အတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက် ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသား အားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(င) ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီးကြံစည်အားထုတ်လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး ဦးတည်ချက်များကို ချမှတ်ပေးထားကြောင်း။

ညှိနှိုင်းဆောင်ရွက်

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးလုပ်ငန်းများကို စနစ်တကျဖြင့် ပြီးမြောက်အောင်မြင်စေရန် ဆပ်ကော်မတီများအလိုက် ညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်းက ဆပ်ကော်မတီအသီးသီး ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ လုံခြုံရေးဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ အားကစားပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးနှင့်စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လူငယ်များ မြန်မာ့ယဉ်ကျေးမှုကို မမေ့ထားသင့် မြန်မာစာပေ တိုးတက်ဖို့ကိုလည်း လုပ်ဆောင်ရမှာဖြစ်

၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ဒီဇင်ဘာ ၆ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာ ဆုကို နိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင် မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်ကို နိုင်ငံတော်က အသိအမှတ်ပြုကာ စာရေး ဆရာကြီး ဒေါက်တာခင်မောင်ညွန့်(ဒေါက်တာခင်မောင်ညွန့်) အား ရွေးချယ်ချီးမြှင့်ခဲ့သည်။

ကြေးမုံသတင်းအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီး ဒေါက်တာခင်မောင်ညွန့်(ဒေါက်တာခင်မောင်ညွန့်)နှင့် အမျိုးသားစာပေဆုရှင်များအား သွားရောက်တွေ့ဆုံခဲ့သည်။

ယခုဆုရရှိခဲ့ခြင်းနှင့်ပတ်သက်ပြီး စိတ်အတွင်းခံစားရမှုကို မေးမြန်းကြည့်ရာ ဆရာကြီးဒေါက်တာခင်မောင်ညွန့်က "ကျွန်တော့်တစ်သက်တာမှာ အခြားဆုတွေလည်းရခဲ့ဖူးတယ်။ အခုရတဲ့ဆုကတော့ တစ်သက်မှာ တစ်ခါပဲရတဲ့ဆုဖြစ်တဲ့အတွက်၊ ပြီးတော့ နိုင်ငံတော်က ချီးမြှင့်တာဖြစ်တဲ့အတွက် အထူးဝမ်းမြောက်မိပါတယ်။ ပိုက်ဆံနဲ့ ခုလိုဆု ဘယ်ဟာကို ရွေးမလဲဆိုရင် နိုင်ငံတော်ကချီးမြှင့်တဲ့ဆုကိုပဲ ကျွန်တော် ရွေးမယ်။ အဲဒီဆုလက်မှတ်က သား၊ သမီး၊ မြေး၊ မြစ်တွေအထိ ပြသသွားလို့ရတယ်။ အဲဒီဂုဏ်က အတိုင်းမသိတဲ့ဂုဏ်လို့ ခေါ်နိုင် ပါတယ်" ဟုပြောသည်။

ဆက်လက်၍လည်း စာပေများရေးသားသွားရန်ရှိပြီး ယခုလက်ရှိတွင် ဗုဒ္ဓယဉ်ကျေးမှုသမိုင်းစာအုပ်ကို ရေးသားထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မြန်မာလူမျိုးများကိုယ်တိုင်မသိသေးသည့် အကြောင်းအရာများစွာရှိနေသေးရာ ယင်းအကြောင်းအရာများကိုလည်း ရှာဖွေရေးသားသွားရန်စီစဉ်ထားကြောင်း၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ သဘာဝဝန်းကျင်ဆိုင်ရာတို့ကို အတွင်းကျကျ လေ့လာရေးသားသွားရန်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

"မြန်မာအကြောင်းကို ရေးမယ်ဆိုရင် မြန်မာဘာသာနဲ့ပဲ ရေးရေး၊ အင်္ဂလိပ်ဘာသာနဲ့ပဲရေးရေး မြန်မာ့ယဉ်ကျေးမှု အကြောင်း၊ မြန်မာဓလေ့စရိုက်ကိုပံ့ပိုးပေးတာမျိုးဖြစ်သင့်တယ်။ ရေးသမျှက အနှစ်သာရရှိအောင် အမြဲကြံဆနေဖို့လည်းလိုတယ်" ဟု စာပေရေးသားရာတွင် နိုင်ငံနှင့် ပြည်သူအကျိုးပြုစာပေများ ဖြစ်ပေါ်လာစေရန်အတွက်လည်း ဒေါက်တာခင်မောင်ညွန့်က အကြံပြုပြောကြားသည်။

၂၀၀၉ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီး ဒေါက်တာခင်မောင်ညွန့် ရှင်းပြစဉ်။

ယနေ့ခေတ်လူငယ်များ ယဉ်ကျေးမှုနှင့် စာပေအပေါ် ထားရှိသင့်သည့် သဘောထားနှင့် ပတ်သက်၍လည်း 'လူငယ်တွေအနေနဲ့ ဘာလုပ်လုပ် ရှေ့ကိုလည်းကြည့်၊ ကိုယ်ရပ်နေတဲ့၊ ကိုယ်ရောက်နေတဲ့ နေရာကိုလည်းဂရုပြုနိုင်ဖို့လိုတယ်။ ငယ်စဉ်အခါမှာ ခေတ်နဲ့အညီ ဝတ်ချင်၊ စားချင်ကြတာတွေကိုလည်း လုပ်ပါ။ ဒါက လူငယ်တွေရဲ့ ဓလေ့ပဲ။ အဲလိုပဲ တစ်ဖက်ကလည်း မြန်မာ့ယဉ်ကျေးမှုကို မမေ့ထားသင့်သလို မြန်မာ့စာပေ တိုးတက်ဖို့ကိုလည်း လူငယ်တွေအနေနဲ့ လုပ်ဆောင်ရမှာဖြစ်တယ်' ဟု သုံးသပ်ပြောကြားသည်။

စာရေးဝါသနာပါသူများအနေဖြင့် မဖြစ်မနေ ရေးသားရန်လိုကြောင်း၊ စာတတ်ပြီး စာမရေးကြသူ၊ စာတတ်ပြီး စာမရေးဖြစ်သူများ အများအပြားရှိကြောင်း၊ စာရေးရာတွင် ဝါသနာသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိပြီး ယင်းနောက်တွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့၏ သင်ကြားမှုကို လေ့လာသင်ယူခြင်းဖြင့် စာပေကို ကျွမ်းကျင်စွာရေးသားနိုင်သူ၊ နိုင်ငံအကျိုးပြု၊ ပြည်သူအကျိုးပြုစာများ ရေးသားနိုင်သူတွေ ဖြစ်လာစေမှာဖြစ်ကြောင်းဖြင့် ဒေါက်တာခင်မောင်ညွန့်က ဆိုသည်။

ယခုကဲ့သို့ ဆုရရှိခြင်းနှင့် ပတ်သက်ပြီး ဒေါက်တာခင်မောင်ညွန့်က ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုကို ရရှိခဲ့သည့်အတွက် ဝမ်းသာဂုဏ်ယူမဆုံးဖြစ်ခြင်းနှင့်အတူ ဆုရွေးချယ်ပေးအပ်ခဲ့ကြသည့် အဖွဲ့များကိုလည်း ကျေးဇူးအထူးပင်တင်ရှိကြောင်း၊ နိုင်ငံတော်ကပေးအပ်သည့် ဆုဖြစ်သည့်အတွက်လည်း နိုင်ငံတော်ကို များစွာကျေးဇူးတင်မဆုံးဖြစ်ရပါကြောင်း၊ နောင်လာမည့်နှစ်များတွင်လည်း မိမိကဲ့သို့ မြန်မာစာပေအကျိုးကို ထူးချွန်စွာ ဆောင်ရွက်ပေးနိုင်သူများ ပေါ်ပေါက်လာပါစေကြောင်းဖြင့် ပြောကြားသည်။

သယံဇာတကြောင့် စစ်ဖြစ်ရရေကြောင့်၊ ကြေးနီကြောင့်လည်း နောင်တွင် စစ်ဖြစ်လာနိုင်

ဘာသာပြန်သုတဆုတွင် "သွေးနှင့်ရေနံ" စာအုပ်ဖြင့် အမျိုးသားစာပေဆုရ ရဲတင့်(ဦးရဲတင့်)နှင့် တွေ့ဆုံရာတွင် "ယခုစာအုပ်သည် ရေနံနိုင်ငံရေး၊ ရေနံကိုအကြောင်းပြုပြီး ဖြစ်လာသည့် နိုင်ငံရေးကနေ ငွေရေး၊ ကြေးရေး၊ နိုင်ငံခြားဆက်ဆံရေးအခြေအနေများကို ဖော်ပြထားခြင်းဖြစ်ကြောင်း၊ ဤဝတ္ထုရေးသည့် စာရေးသူမှာ ပါမောက္ခတစ်ဦးဖြစ်ပြီး ဤလုပ်ငန်းနှင့်ပတ်သက်၍ စာတွေအများကြီးရေးခဲ့သူ ဖြစ်ကာ ယခုစာအုပ်မှာ သူ၏ တတိယမြောက်စာအုပ်ဖြစ်ကြောင်း၊ အဓိကတော့ ကမ္ဘာကြီးမှာ ရေနံရဲ့အခန်းကဏ္ဍမည်မျှကြီးမားသည်ကို ဖော်ပြကြောင်း၊ ရေနံပေါ်မှာ အင်အားကြီးနိုင်ငံတွေ အားပြိုင်ပြီးတော့ ရေနံအတွက်လုပ်ရှားလာကြတာကို အသေးစိတ်ရေးထားခြင်း ဖြစ်ကြောင်း၊ ကမ္ဘာတွင် အရှေ့အလယ်ပိုင်းဟာ ရေနံသိုက်တွေ၊ ရေနံတွင်းတွေ အများကြီးရှိကြောင်း၊ တစ်ကမ္ဘာလုံးမှာရှိတဲ့ ရေနံသိုက်အားလုံး၏ ၇၀ ရာခိုင်နှုန်းသည် အရှေ့အလယ်ပိုင်းတွင် ရှိကြောင်း၊ ၄၀ ရာခိုင်နှုန်းကို အဆိုပါအရှေ့အလယ်ပိုင်းမှ ထုတ်လုပ်ပေးနေကြောင်း၊ အခြားနိုင်ငံများတွင် ရေနံသိုက်၊ ရေနံတွင်းများရှိသော်လည်း အရှေ့အလယ်ပိုင်းလောက် မများကြောင်း၊ ယခင်က စစ်ဖြစ်ရခြင်းသည် ယဉ်ကျေးမှုကို အကြောင်းပြုသည်ဟု ထင်ခဲ့ကြောင်း၊ ယခုမှာ သယံဇာတကြောင့် စစ်ဖြစ်ရခြင်းဖြစ်ကြောင်း၊ နောင်တွင် ရေကြောင့်၊ ကြေးနီ သတ္တု ကြောင့်လည်း စစ်ဖြစ်လာနိုင်ကြောင်း စာအုပ်ပါ သိရှိသင့်သည်များကို စာဖတ်သူများသိရှိနိုင်ရန် စာမြည်းအနေဖြင့် ပြောပြသွားသည်။

ဘာသာပြန်သုတဆုတွင် "သွေးနှင့်ရေနံ" စာအုပ်ဖြင့် အမျိုးသားစာပေဆုရ ရဲတင့်(ဦးရဲတင့်) ရှင်းပြစဉ်။

ဆရာဦးရဲတင့်မှာ အသက် (၆၉) နှစ်ရှိပြီး ယခုလို နိုင်ငံတော်မှ အသိအမှတ်ပြု ချီးမြှင့်ဆုရရှိသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆက်လက်၍လည်း ပထဝီနိုင်ငံရေးနှင့် ပတ်သက်၍ လေ့လာလျက်ရှိပြီး ပထဝီနိုင်ငံရေး စာပေများ ရေးသားသွားမည်ဖြစ်ကြောင်းသိရှိရသည်။

အများပြည်သူ အကျိုးရှိမည့် စာအုပ်များ ရေးသားခြင်းဖြင့် မျိုးဆက်သစ်များကို လက်ဆင့်ကမ်းလို

သုတပဒေသာ (အသုံးချသိပ္ပံ)ဆုတွင် သတ္တုဗေဒပညာ (ပထမတွဲနှင့် ဒုတိယတွဲ)စာအုပ်ဖြင့် အမျိုးသားစာပေဆုရ ဦးစောအောင်လှထွန်း (ဦးအောင်လှထွန်း)နှင့် တွေ့ဆုံရာတွင် သတ္တုဗေဒဘာသာရပ်နှင့် ပတ်သက်၍ မြန်မာလိုရေးထားသည့် စာအုပ် အလွန်ရှားကြောင်း၊ မရှိသလောက် ရှားကြောင်း၊ နောက်တစ်ခုက သတ္တုဗေဒလုပ်ငန်းနှင့်ပတ်သက်လို့ သတ္တုဗေဒပညာကို မတတ်သော်လည်း သတ္တုကို အသုံးပြုပြီး လုပ်စားနေတဲ့ လုပ်စားကိုင်စားတွေ ရှိကြောင်း၊ သူတို့ဟာ အလုပ်သာလုပ်တယ် အခြေခံကို မသိကြကြောင်း၊ ဒါကြောင့် သတ္တုဗေဒနဲ့ပတ်သက်၍ အသုံးချတဲ့နေရာမှာ လက်တွေ့အသုံးချမယ့် အကြောင်းအရာတွေကို လွယ်လွယ်ကူကူနဲ့ အင်ဂျင်နီယာမှမဟုတ်ဘဲ သာမန်ပုဂ္ဂိုလ်များလည်းဖတ်ရှုနိုင်မယ့် စာမျိုးကိုရေးရင် အကျိုးရှိမယ်ထင်လို့ ဤစာအုပ်ကိုရေးခဲ့ခြင်းဖြစ်ကြောင်း၊ ဒုတိယအချက်မှာ ယခုလိုအများပြည်သူအကျိုးရှိမယ့် စာအုပ်များရေးသားခြင်းဖြင့် နောင်မျိုးဆက်သစ်များကို လက်ဆင့်ကမ်းပေးလိုသည့် ရည်ရွယ်ချက်လည်းပါရှိကြောင်း သိရှိခဲ့ရသည်။

ဆရာကြီးက ဆက်လက်ပြောကြားရာတွင် ဤဆုကို ရမည်ဟု မိမိမမျှော်လင့်ခဲ့ကြောင်း၊ အများပြည်သူအကျိုးအတွက် ရေးခဲ့ခြင်းသာဖြစ်ကြောင်း၊ ဆုရသည့်အတွက် အထူးဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း ပြောကြားသည်။

သုတပဒေသာ (အသုံးချသိပ္ပံ)ဆုတွင် သတ္တုဗေဒပညာ (ပထမတွဲနှင့် ဒုတိယတွဲ)စာအုပ်ဖြင့် အမျိုးသားစာပေဆုရ ဦးစောအောင်လှထွန်း (ဦးအောင်လှထွန်း) ရှင်းပြစဉ်။

ယခုစာအုပ်မှာ စတုတ္ထမြောက်စာအုပ်ဖြစ်ပြီး ဤစာအုပ်ကို ဖတ်၍ သဘောတရားနှင့် လက်တွေ့ပေါင်းစပ်လုပ်ဆောင်ပါက အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသွားသည်။

တွေ့ဆုံမေးမြန်း - သန်းလွင်၊ မျိုးထွန်း၊ ရဲဝင်းဆောင်

အထက(၄) ကမာရွတ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၇

အထက(၄) ကမာရွတ်၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ၂၀၁၀ ခုနှစ်ထိ တက်ရောက်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအား အသိပေး ဖိတ်ကြားထားသည်။ အလှူငွေများ ထည့်ဝင်နိုင်ရန်အတွက် ဆရာသွယ် ဖုန်း-၀၁-၅၂၃၈၁၂၊ ဦးစန်းဌေး ဖုန်း-၇၃၀၁၂၈၆၁၊ ဦးကင်းစိန် ဖုန်း-၀၉-၅၀၄၆၈၀၇၊ ဦးစန်းမောင် ဖုန်း-၀၉-၉၉၇၃၈၅၈၊ ဒေါ်နွဲ့ယဉ်မြင့် ဖုန်း-၀၁-၅၁၁၅၉၂၊ ဦးတင်ထွန်း ဖုန်း-၀၉-၅၀၀၇၀၀၄၊ ဦးမင်းသန့် ဖုန်း-၀၉-၅၁၀၃၆၆၂၊ ဆရာမ ဒေါ်ကျင်အုပ်နှင့် ဆရာမ ဒေါ်နီလာ ဖုန်း-၀၁-၅၃၆၀၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း ကော့သောင်းခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်းသည် တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၄ရက်တွင် ခမောက်ကြီးနှင့် စမ်းသီတာတပ်နယ် နယ်မြေခံတပ်ရင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စစ်သည် ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကော့သောင်း-ဘုတ်ပြင်းကားလမ်းတစ်လျှောက် ဆီအုန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ဆီအုန်းစိုက်ပျိုးထားရှိမှုနှင့် ဆက်လက်တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြ၍ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ဆီအုန်းစိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကော့သောင်း-ဘုတ်ပြင်းကားလမ်းတစ်လျှောက် လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ခမောက်ကြီး-ကော့သောင်းကားလမ်း ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများနှင့် ဆီအုန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုတို့ကို မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ကျောက်ထနောင်းတပ်နယ် နယ်မြေခံတပ်ရင်းများသို့ရောက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် အိမ်ထောင်သည်လိုင်းခန်းများကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မိုင်တိုင်အမှတ် (၉၃/၅)ရှိ ချောင်းကဗျာတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ကရသူရိတပ်နယ် နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီပျိုးခင်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဆီအုန်းပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြသကြပြီး ဗိုလ်ချုပ်သက်နိုင်ဝင်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီ ဆီအုန်းဆီကြိတ်စက်ရုံသို့ ရောက်ရှိရာ ကုမ္ပဏီရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ဆီအုန်းစိုက်ပျိုးထားရှိမှု၊ ဆီကြိတ်ထုတ်လုပ်နိုင်မှု၊ ဆီအုန်းစိုက်ဧကများ တိုးချဲ့စိုက်ပျိုးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်သက်နိုင်ဝင်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် တောင်ဒဂုံဆီအုန်း ဆီကြိတ်စက်ရုံ၏ ဆီကြိတ်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့အတွက် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်း

ရန်ကုန် ဒီဇင်ဘာ ၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပသော (၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့အား အမျိုးသားအောင်နိုင်ရေး နိုင်ငံတော်အလံအပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပြိုင်ပွဲဝင်မည့် အားကစားနည်းအလိုက် တာဝန်ခံများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့အား အဖွဲ့လိုက် မိတ်ဆက်ပေးသည်။

ကိုယ်စားပြု

ထို့နောက် ဝန်ကြီး သူရဦးအေးမြင့်က အားကစားအောင်နိုင်မှုသည် နိုင်ငံနှင့်လူမျိုး၏ဂုဏ်သိက္ခာနှင့် ဆက်စပ်နေသည့်အတွက် ပြိုင်ပွဲတိုင်းတွင် အနိုင်ရရှိရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အားကစားသမားအားလုံး၏ ပခုံးထက်တွင် ကျရောက်နေသည်ကို သတိပြုကြရန်လိုကြောင်း၊ မြင့်မားသောစိတ်ဓာတ်၊ ခိုင်မာသော စည်းကမ်း၊ ပြင်းထန်သောလေ့ကျင့်မှု၊ ခိုင်မြဲသော စည်းလုံးညီညွတ်မှုများဖြင့် အောင်စိတ်၊ နိုင်စိတ်၊ လျှော့ချည်းကျန်အလံမလဲသော စိတ်ဓာတ်တို့ဖြင့် ကြိုးစားယှဉ်ပြိုင်သွားကြရန်လိုကြောင်း၊ မျိုးချစ်စိတ်ကို အရင်းတည်ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်ကာ အစွမ်းကုန် ကြိုးပမ်းသွားကြဖို့ ထပ်မံတိုက်တွန်းလိုကြောင်း၊ ယနေ့ မြန်မာအားကစားအဖွဲ့သို့ အပ်နှင်းမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏အလံတော်သည် ဂုဏ်ဒြပ်ရောအမျိုးသားရေးတာဝန်ကိုပါ ကိုယ်စားပြုနေသည်ဆိုသည့် ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏အောင်လံ တလူလူလွှင့်ပျံနိုင်ရေးအတွက် ရေကုန်ရေခန်း အစွမ်းကုန် ကြိုးပမ်းယှဉ်ပြိုင်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဝန်ကြီးက မြန်မာနိုင်ငံတက္ကသိုလ်များအားကစားအဖွဲ့ခေါင်းဆောင် ဒဂုံတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဦးဆန်းအား အောင်နိုင်ရေးနိုင်ငံတော်အလံကို ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးက မြန်မာနိုင်ငံ တက္ကသိုလ်များအားကစားအဖွဲ့အတွက် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ အားကစားအဖွဲ့ခေါင်းဆောင်က လက်ခံပြီး အားကစားကိစ္စဆောင်ရွက်ထားရှိမှုများနှင့် အောင်နိုင်ရေး ကတိပြုစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သီချင်းနှင့် ရဲရဲတောက်သီချင်းများကို သံပြိုင်သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ မြန်မာနိုင်ငံ တက္ကသိုလ်များအားကစားအဖွဲ့သည် ဘောလုံး၊ ရေကူး၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ဂေါက်သီး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ် ပြိုင်ပွဲများသို့ အားကစားသမား ၄၆ ဦး၊ နည်းပြနှင့် အုပ်ချုပ်အဖွဲ့ဝင် ၂၀ စုစုပေါင်း ၆၆ဦးဖြင့် သွားရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂျီတီအိုင်ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၇

ဂျီတီအိုင်ကျောင်းသားဟောင်းများ၏ (၁၃)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီမှစ၍ ရန်ကုန်မြို့ ပြည်လမ်း ၉ မိုင် ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများသည် ဦးခင်ဇ (ရုံးအဖွဲ့မှူး) ဖုန်း-၅၁၉၈၆၃ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

STI မှ "Effective Communication in Today's Business World" အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၇

STI မှ ပြည်တွင်းပြည်ပ ပညာရှင်များက ဦးစီး၍ "ထိရောက်မှန်ကန် ဆက်ဆံရာ ယနေ့စီးပွားရေးကမ္ဘာ" "Effective Communication in Today's Business World" အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ဒီဇင်ဘာ ၁၈ ရက်၊ ၁၉ ရက် (စနေ၊ တနင်္ဂနွေနေ့)များတွင် STI Education တည်ရှိရာ အဆောင်(၄) အခန်း(၇) Myanmar Info-Tech လှိုင်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲ၌ စီးပွားရေးဆိုင်ရာ ဆက်သွယ်ပြောဆိုမှုတွင် နည်းပညာရပ်၏ အခန်းကဏ္ဍ၊ ဆက်သွယ်ပြောဆိုမှုဆိုင်ရာ ဥပဒေသများနှင့်ဖြစ်စဉ်များ၊ ထိရောက်မှုမရှိသည့် ဆက်သွယ်ပြောဆိုမှု၏ အကြောင်းအရင်းများ၊ စီးပွားရေးဆိုင်ရာ ရေးသားမှုများနှင့် ရေးသားရမည့် ဝါကျတည်ဆောက်ပုံနည်းစနစ်များ၊ စီးပွားရေးရာရေးသားမှုတွင် ပါဝင်တတ်သည့် အမှားများ၊ အဖွဲ့အစည်းအတွင်း ထိရောက်စွာ Presentation လုပ်ဆောင်ရေး နည်းစနစ်တို့ကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခြင်းဖြင့် Presentation နှင့် Meeting များတွင် ထိရောက်စွာ ပြောဆိုနားထောင်ခြင်းဆိုင်ရာ နည်းနာနိသရည်းများ၊ စီးပွားရေးရာ ရေးသားမှုများနှင့် စေ့စပ်ဆွေးနွေးခြင်း၊ စည်းရုံးသိမ်းသွင်းခြင်းများ အောင်မြင်စွာ လုပ်ဆောင်နိုင်ပုံ နည်းစနစ်များ၊ E-mail အသုံးပြုရာတွင် သတိပြုရမည့် အချက်များ၊ ကြိုတင်ပြင်ဆင်ရန် လိုအပ်ချက်များ၊ မိမိတို့၏ဆက်သွယ်ရေးစာတို၊ စာရှည် စာတမ်းများကို ရှင်းလင်းပြေပြစ်ထိရောက်စွာ ရေးသားနည်းတို့ တတ်မြောက်မည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို STI Education တည်ရှိရာ အဆောင်(၄) အခန်း(၇) Myanmar Info-Tech, Hlaing Campus လှိုင်မြို့နယ်သို့ လည်းကောင်း၊ အမှတ်(၃၇၇) ရွှေဘုံသာ(အထက်)လမ်း ပန်းဘဲတန်းမြို့နယ်သို့ လည်းကောင်း၊ ဖုန်း- ၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၁၅၂၊ ၅၀၇၀၄၈ နှင့် ၅၀၇၁၅၁ တို့သို့ ဆက်သွယ်စုံစမ်း၍ လက်မှတ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဥတုရာသီ

တောကိုမှီ၏

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် မေဓာဝီလမ်းနေ မုံရွာဆရာမိုး-(ဒေါ်သိန်းမြို)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း၊ သမီး မမိုးပြည့်ပြည့်ဖြိုး (မုံရွာဆရာမိုး ရှောက်တစ်လုံးဆေးမိသားစု)က ရောဝတီတိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးဌာနသို့ ဒီဇင်ဘာ ၅ ရက်က နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ရောဝတီတိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းဝင်း လက်ခံစဉ်။ (ကြေးမုံ)

အေးချမ်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၇

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျရောက်မည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"အေးချမ်းသာယာ ပြည်မြန်မာ"** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ စိစစ်အကဲဖြတ်ရေးအဖွဲ့က ဆုများ ရွေးချယ်သတ်မှတ်ခဲ့ပြီးဖြစ်သည်။ အဆိုပါပြိုင်ပွဲ၏ ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ရှိ Traders Hotel, Myanmar Ballroom ၌ ကျင်းပမည်ဖြစ်သည်။

ဆုရရှိသူများသည် ဆုများလက်ခံရယူရေးနှင့် စပ်လျဉ်း၍ ပြိုင်ပွဲကျင်းပရေးကော်မတီ ဖုန်း- ၂၀၁၉၃၆ နှင့် ၃၇၁၃၄၂တို့သို့ ဆက်သွယ်ဆောင်ရွက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဝဏ်လွှာ ဖတ်ကြား

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က ရမည်းသင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း(အနော်ရထာခန်းမ)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော အမျိုးသားနေ့ သဝဏ်လွှာကို ရမည်းသင်းခရိုင်ဥက္ကဋ္ဌ ဦးထူးလွင် ဖတ်ကြားစဉ်။
(သတင်းစဉ်)

နိုင်ငံ့အရေး အလွယ်မတွေးစေ

မြန်မာ့နိုင်ငံရေးအကြောင်းပြောလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ချန်ထား၍မရပေ။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်များကို ပြန်လည်သုံးသပ်လိုက်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရရှိအောင် ကြိုးပမ်းမှုများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်မှုများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြိုကွဲရသည့်အတွက် ဖြစ်ပေါ်ခဲ့ရသည့် ပဋိပက္ခများ၊ ထိုပဋိပက္ခများကြောင့် ပေါ်ပေါက်ခဲ့ရသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ပျက်ပြားခဲ့ရသည့်အဖြစ်များ စသည်တို့က နေရာအတော်များများယူထားသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလကပင် မျိုးချစ်ခေါင်းဆောင်များအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ လိုအပ်ချက်ကို နားလည်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ပြီးသည်နှင့်တစ်ပြိုင်နက် ပေါ်ပေါက်လာခဲ့သည့် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် ဗမာ၊ ရှမ်း၊ ကရင်၊ ချင်း၊ ကယား စသည့် တိုင်းရင်းသားခေါင်းဆောင်များသည် နီးစပ်ရာ ပူးပေါင်းပြီး နယ်ချဲ့ဗြိတိသျှတို့အားတွန်းလှန်တိုက်ခိုက်ခဲ့သည်ကို တွေ့နိုင်ပါသည်။ သို့သော် စုစည်းညီညွတ်သည့် ခေါင်းဆောင်မှုမရှိသည့်အတွက် နယ်ချဲ့ဗြိတိသျှတို့က တော်လှန်ရေးအင်အားစု တစ်ခုချင်းကို အလွယ်တကူ ဖြိုခွင်းနိုင်ခဲ့ပေသည်။ မြန်မာ့တော်လှန်ရေးအင်အားစုများကို နှိမ်နင်းနိုင်ခဲ့ပြီးနောက်ပိုင်းတွင်မူ နယ်ချဲ့ဗြိတိသျှတို့အနေဖြင့် ၎င်းတို့၏အုပ်ချုပ်မှုကို ခုခံတွန်းလှန်မည့် တော်လှန်ရေးအင်အားစုကြီးတစ်ရပ် ပေါ်ထွက်မလာစေရန်အတွက် မြန်မာနိုင်ငံအုပ်ချုပ်ရေးစနစ်ကို အစီအစဉ်ရှိရှိ ချမှတ်လုပ်ဆောင်ခဲ့သည်။

တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲပြီးဆုံးပြီးနောက် အထက်မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့တို့ အုပ်ချုပ်မှုအောက်သို့ သွတ်သွင်းခဲ့ချိန်တွင် အောက်မြန်မာနိုင်ငံ၌ ဗြိတိသျှအုပ်ချုပ်မှုစနစ်မှာ အခြေကျနေပြီ ဖြစ်သည်။ ထို့ကြောင့် အောက်မြန်မာနိုင်ငံရှိ အုပ်ချုပ်ရေးစနစ်ကို အထက်မြန်မာနိုင်ငံသို့ တိုးချဲ့ရန်သာရှိတော့သည်။ သို့သော် ဗြိတိသျှနယ်ချဲ့တို့ကို ဆန့်ကျင်တော်လှန်သည့်လှုပ်ရှားမှုများ နောက်ထပ် မပေါ်ပေါက်စေရေးအတွက် တားဆီးရန် ဆုံးဖြတ်ထားသော နယ်ချဲ့တို့က ၁၈၈၆ ခုနှစ် မေလ ၄ ရက်နေ့တွင် ရှမ်းပြည်နယ်ကို ချန်လှပ်ပြီး ကျန်အထက်မြန်မာနိုင်ငံ နယ်မြေများကို ဇယားဝင်စီရင်စုနယ် (Scheduled District)အဖြစ် သတ်မှတ်ခဲ့သည်။ နောက်ပိုင်းတွင်မူ ၁၈၉၅ ခုနှစ်တွင် ကချင်တောင်တန်းလူမျိုးများဥပဒေ၊ ၁၈၉၆ ချင်းတောင်တန်းလူမျိုးများဥပဒေတို့ကို ထပ်မံပြဋ္ဌာန်းပြီး ကချင်လူမျိုးနှင့် ချင်းလူမျိုးများကို သီးခြား ခွဲခြားအုပ်ချုပ်ခဲ့သည်။ ထိုကဲ့သို့ တောင်တန်းဒေသများကို ခွဲခြားအုပ်ချုပ်ခဲ့မှုကို ဒုတိယကမ္ဘာစစ်ဖြစ်ချိန်အထိ ဆက်လက်ကျင့်သုံးခဲ့သောကြောင့် ၁၉၂၃ ခုနှစ် ဒိုင်အာခီအုပ်ချုပ်ရေးစနစ် ပြောင်းလဲကျင့်သုံးချိန်တွင် လည်းကောင်း၊ ၁၉၃၅ ခုနှစ် ၉၁ ဌာနအုပ်ချုပ်ရေးကို ပြောင်းလဲကျင့်သုံးချိန်တွင် လည်းကောင်း ရှမ်း၊ ကချင်၊ ချင်းလူမျိုးများ နေထိုင်ရာဒေသများကို မြန်မာပြည်အုပ်ချုပ်ရေးအတွင်းမှ ခွဲထုတ်ကာ အပိုင်း ၁ နှင့် အပိုင်း ၂ နယ်မြေများအဖြစ်သတ်မှတ်ပြီး ဘုရင်ခံ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိခဲ့သည်။ သို့သော် တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုးကြား အုပ်ချုပ်ရေးစနစ်ကို သီးခြားစီခွဲခြားသတ်မှတ်ထားခဲ့သည့်အတွက် တောင်တန်းဒေသများတွင်ပင်လျှင် အုပ်ချုပ်ရေးစနစ် အမျိုးမျိုးကွဲပြားနေခဲ့သည်။

ဤကဲ့သို့ တောင်တန်းဒေသများကို လူမျိုးရေး၊ နိုင်ငံရေးအရ ခွဲခြားအုပ်ချုပ်ထားခဲ့ခြင်းကြောင့် တောင်တန်းဒေသများသည် မြန်မာပြည်မအတွင်း ဖြစ်ပေါ်နေသည့် နိုင်ငံရေးတိုးတက်မှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှုများနှင့် အဆက်ပြတ်နေခဲ့ရသည်။ ထို့ပြင် ဗြိတိသျှနယ်ချဲ့တို့သည် တိုင်းရင်းသားလူမျိုးစုများကို ခွဲခြားအုပ်ချုပ်ရုံသာမက ပြည်မတွင် ၎င်းတို့အလိုတော်ရိ အမျိုးသားခနေရှင်များကို အုပ်ချုပ်ရေး၊ နိုင်ငံရေးတွင် တာဝန်ပေးခြင်း၊ တောင်တန်းဒေသများတွင် စော်ဘွားများ၊ စောဖျာများ၊ ဒူးဝါးများကို သက်ဦးဆံပိုင်အာဏာများ ပေးအပ်ပြီး ၎င်းတို့ကိုယ်စား အုပ်ချုပ်ခွင့်ပြုခြင်းဖြင့် တိုင်းရင်းသားများအတွင်း လူတန်းစားကွဲပြားမှုများ ပေါ်ပေါက်ကာ စည်းလုံးညီညွတ်သည့် နိုင်ငံရေးအင်အားစုများ ပေါ်ပေါက်မလာအောင် လုပ်ဆောင်ခဲ့သည်။

ထို့ကြောင့် ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံတွင် အမျိုးသားစည်းလုံးညီညွတ်မှုကို ပြိုကွဲစေရန်အတွက် အောက်ပါ သွေးခွဲအုပ်ချုပ်မှုနည်းလမ်းသုံးခုကို ကျင့်သုံးခဲ့သည်ဟု ဆိုရမည်ဖြစ်သည်-

(က) တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသများကို ခွဲခြားအုပ်ချုပ်ခြင်းဖြင့် ပထဝီအနေအထားအရ သွေးကွဲမှုကို ဖြစ်ပေါ်စေခြင်း။

(ခ) တိုင်းရင်းသားလူမျိုးစုများအတွင်း အုပ်ချုပ်ရေးစနစ် အမျိုးမျိုးကို ကျင့်သုံးပြီး အခွင့်အရေးများကို ခွဲခြားသတ်မှတ်ပေးခြင်းဖြင့် လူမျိုးရေးအရ သွေးကွဲမှုကို ဖြစ်ပေါ်စေခြင်း။

(ဂ) အုပ်ချုပ်ရေးအရလွယ်ကူစေရန်အတွက် အလိုတော်ရိများကို အသုံးချခြင်းကြောင့် လူတန်းစားအရ သွေးကွဲမှုကို ဖြစ်ပေါ်စေခြင်း။

ထိုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၁၉၄၅ ခုနှစ်မတိုင်မီအထိ မြန်မာ့နိုင်ငံရေးတွင် တောင်တန်းဒေသများအနေနှင့် ပြည်မရှိ နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခြင်းမရှိခဲ့သည့်အပြင် ပြည်မမှ နိုင်ငံရေးသမားများ တောင်တန်းဒေသများသို့ လာရောက်ခြင်းကိုပင် တားဆီးခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ တစ်ဖက်ကလည်း မြန်မာပြည်မအတွင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး၊ လွတ်လပ်ရေးအတွက် ရည်ရွယ်လှုပ်ရှားခဲ့သည့် နိုင်ငံရေးအဖွဲ့အစည်းများဖြစ်သည့် ဂျီစီဘီအေ၊ ဒို့ဗမာအစည်းအရုံး စသည်တို့မှာလည်း နယ်ချဲ့တို့၏ သွေးခွဲမှု၊ မက်လုံးပေးသွေးဆောင်မှုများကြောင့် လေးဖွဲ့၊ နှစ်ဖွဲ့ စသည်ဖြင့် အကွဲကွဲအပြားပြား ဖြစ်ခဲ့ရသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်ရေးကြိုးပမ်းမှုများ ပေါ်ပေါက်လာချိန်တွင်မူ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် မျိုးချစ်နိုင်ငံရေးသမားများနှင့် တပ်မတော်ခေါင်းဆောင်များက မြန်မာ့နိုင်ငံရေးအင်အားစုများအတွင်း နိုင်ငံရေးအရ စုစည်းညီညွတ်မှုရရှိစေရန်အတွက် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ)ကို တည်ထောင်ခဲ့သည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ဖဆပလအဖွဲ့ကြီးက မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဗြိတိသျှတို့နှင့်အရေးဆိုရာတွင် တောင်တန်းဒေသများအရေးက ရှေ့တန်းရောက်လာသည်။ မြန်မာ့လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ဗြိတိန်နိုင်ငံသို့ သွားရောက်ချိန်တွင် ဗြိတိသျှတို့ဘက်က ရှမ်းစော်ဘွားများက ဗိုလ်ချုပ်တို့ ကိုယ်စားလှယ်အဖွဲ့သည် ၎င်းတို့ကို ကိုယ်စားမပြုကြောင်း အကြောင်းကြားခဲ့သည့်ကြေးနန်းစာကို ထောက်ပြီး တောင်တန်းဒေသများအနေဖြင့် ပြည်မနှင့်ပူးပေါင်းပြီး လွတ်လပ်ရေး ရယူလိုခြင်းရှိ၊ မရှိ အရင်စုံစမ်းသင့်သည်ဟု ဆွေးနွေးခဲ့သည်။ ထို့ကြောင့် အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုရာတွင် လွတ်လပ်ရေးရယူရာ၌ တောင်တန်းဒေသများ၏ သဘောထားကို စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး စုံစမ်းရန်ဆိုသည့်အချက်ကို မြန်မာဘက်က သဘောတူခဲ့ရသည်။

ပြည်နယ်တည်ထောင်ရေးကိစ္စများ၊ ရှမ်းပြည်နယ်၏ အခွင့်အရေးဆိုင်ရာ ပြဿနာများစသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စများကို ဆွေးနွေးနိုင်ရန်အတွက် ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ တက်ရောက်သည့် အမျိုးသားညီလာခံတစ်ရပ်ကို ကျင်းပခဲ့သည်။ သို့သော် ထိုဆွေးနွေးပွဲတွင် ရှမ်းစော်ဘွားများက ၎င်းတို့ တောင်းဆိုချက်များမရလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှ ခွဲထွက်ရန်အထိ ကြိုးပမ်းလုပ်ဆောင်လာသောကြောင့် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခဲ့ရတော့သည်။

တော်လှန်ရေးကောင်စီသည်လည်း အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက် ဆက်လက်လုပ်ဆောင်ခဲ့သည်ကို တွေ့ရသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပတ်သက်လျှင် တိုင်းရင်းသားလူမျိုးများအရေးနှင့်ပတ်သက်၍ တော်လှန်ရေးကောင်စီ၏ ခံယူချက်ကို ထုတ်ပြန်ခြင်း၊ ပြည်တွင်းသောင်းကျန်းမှုပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပခြင်းတို့သည် တော်လှန်ရေးကောင်စီ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဦးတည်လုပ်ဆောင်ချက်များပင်ဖြစ်သည်။ ထို့ပြင် ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးပါတီအမျိုးမျိုး၊ ဝါဒအမျိုးမျိုးကို ကျင့်သုံးခဲ့သောကြောင့် စည်းလုံးညီညွတ်မှုပျက်ပြားပြီး လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်းက မျှော်မှန်းခဲ့သည့် ဆိုရှယ်လစ်ပန်းတိုင်နှင့် အလှမ်းဝေးခဲ့ရသည်ဟု သင်ခန်းစာဖော်ထုတ်ပြီး တစ်ခုတည်းသော ဦးဆောင်ပါတီ၏အောက်တွင် နိုင်ငံရေးပါတီများ၊ တိုင်းရင်း

ကိုယ်စားလှယ် ခြေ…
ပေါင်း ၃၂၅ မြို့နယ…
အနည်းဆုံး ပါဝင်…
ဝါဒစွဲကင်းကင်းဖြ…
နိုင်ငံတော် တ…
အမျိုးသားညီလာ…
အမျိုးသားပြန်လ…
ပေမည်။

ထိုကဲ့သို့ နိုင်…
အမျိုးသားရေးအင်…
ဖြင့် ဆောင်ရွက်သ…
များတွင် တည်ငြိမ်…
အတိဒုက္ခရောက်…
လက်နက်ကိုင်အဖွဲ့…
တိုင်းရင်းသား လ…
အတွင်းသို့ ပြန်လ…
အစိုးရနှင့် လက်တွဲ…
ရေး တည်ဆောက်…
လက်နက်ကိုင်လမ်…
တည်ဆောက်ကာ…
အရွေးခံခဲ့သည့် …

ယနေ့ နိုင်ငံတော်၏ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ဦးဆောင်နေသည့် တပ်မတော်နှင့် ၂၀…
နိုင်ငံရေးပါတီများမပါဝင်သည့် ပင်လုံညီလာခံပုံစံ ညီလာခံကျင်းပမည်ဆိုသည့် အယူအဆသည် အပေါ်စားနိ…
သည်ကို နားလည်ဖို့လိုပါသည်။ တပ်မတော်အနေဖြင့် ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးအတွက် လိုအပ်…
ညီညွတ်ရေးကို ဘက်စုံထောင့်စုံမှ စဉ်းစားဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုထိ အောင်မြင်ခဲ့ပြီးဖြစ်သည်…
ဝင်သည့် ပင်လုံညီလာခံပုံစံ ညီလာခံတစ်ခုကို စေတနာကောင်းဖြင့် ကျင်းပသည်ဆိုဦးတော့ ထိုညီလာခံသည် …
လမ်းစဉ်(၇)ရပ် ပျက်ပြားအောင် လုပ်ဆောင်နေသော အဖွဲ့အစည်းများ၏ အသုံးချခံအဖြစ်သို့ ရောက်ရှိသွား…

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းဒေသများမှ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ကာ လွတ်လပ်ရေးကို အရယူနိုင်ရန်အတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ပင်လုံညီလာခံကို ကျင်းပခဲ့ရခြင်းဖြစ်သည်။ သို့တိုင်အောင် ပင်လုံညီလာခံတွင် တောင်တန်းဒေသများ၌ ပါဝင်သည့် ကချင်၊ ချင်းနှင့် ရှမ်းတိုင်းရင်းသားကိုယ်စားလှယ်များသာ တက်ရောက်ခဲ့ပြီး နောက်ထပ် တောင်တန်းဒေသတစ်ခုဖြစ်သည့် သံလွင်ခရိုင်မှ ကရင်တိုင်းရင်းသားကိုယ်စားလှယ်များကမူ ပါဝင်ဆွေးနွေးခြင်းမရှိဘဲ လေ့လာသူအဖြစ်သာ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ တောင်တန်းဒေသတွင် မပါဝင်သော ရခိုင်၊ မွန်၊ ကယား စသည့် တိုင်းရင်းသားများသည် လည်းကောင်း၊ ရှမ်းစော်ဘွားများ ပဒေသရာဇ်စနစ်ဖြင့် အုပ်ချုပ်ထားသည့် ကျန်တိုင်းရင်းသားလူမျိုးများဖြစ်သော ပအိုဝ်း၊ ပလောင်၊ ခနုံ၊ ဝ၊ ကိုးကန့်၊ လားဟူ စသည့် တိုင်းရင်းသားလူမျိုးများသည်လည်းကောင်း ပင်လုံညီလာခံတွင် ပါဝင်ခဲ့ခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ပင်လုံညီလာခံသည် တောင်တန်းဒေသအပါအဝင် မြန်မာနိုင်ငံတစ်ခုလုံး အတူတကွ လွတ်လပ်ရေးရယူနိုင်အောင် လိုအပ်သည့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် မြန်မာနိုင်ငံအနေဖြင့် အတိုင်းအတာတစ်ခုအထိ အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သည်ဟုလည်း ဆိုနိုင်ပါသည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း ကြိုးပမ်းတည်ဆောက်ခဲ့ရသည့် အမျိုးသားစည်းလုံးညီညွတ်ရေးသည် လွတ်လပ်ရေးရပြီးနောက် အယူအဆရေးရာကွဲပြားမှု၊ ဝါဒရေးရာကွဲပြားမှု၊ လူမျိုးရေးအစွန်းရောက်မှုများကြောင့် လျင်လျင်မြန်မြန်ပင် ပြန်လည်ပြိုကွဲသွားခဲ့ရသည်။ ထိုအချိန်က အာဏာရအစိုးရဖြစ်သည့် ဖဆပလအစိုးရသည် ပြိုကွဲနေသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရန်ကြိုးပမ်းမှုများ ပြုလုပ်ခဲ့သော်လည်း ၎င်းတို့ပါတီအတွင်း၌ပင် ပုဂ္ဂိုလ်ရေးအရ အကွဲအပြဲများဖြစ်ပေါ်နေသဖြင့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။ ၁၉၆၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ဦးနု၏ ပထစအစိုးရသည်လည်း ရခိုင်၊ မွန်နှင့် ချင်း

သားများ စည်းလုံးညီညွတ်စွာနှင့် ပါဝင်ဆောင်ရွက်ကြနိုင်ရန် တစ်ပါတီစနစ်ကို ကျင့်သုံးမည်ဟု ဆုံးဖြတ်ခဲ့သည်ကိုလည်း တွေ့ရသည်။ သို့သော် လက်တွေ့တွင်မူ အရင်းရှင်ပါလီမန်ဒီမိုကရေစီစနစ်ကိုပင် ကြိုက်နှစ်သက်သော ပထစနှင့် ဖဆပလခေါင်းဆောင်များ၊ လက်ဝဲစွန်းရောက် ကွန်မြူနစ်များ၊ လူမျိုးရေးအစွန်းရောက်ဝါဒီများအနေဖြင့် တစ်ပါတီစနစ်အတွင်းတွင် ပါဝင်လာခြင်းမရှိဘဲ နိုင်ငံတော်ကို ဆက်လက်ဆန့်ကျင်တိုက်ခိုက်နေခြင်းကြောင့် မျှော်မှန်းထားသည့် အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ခြင်းမရှိသည်ကို တွေ့ခဲ့ရပါသည်။

၁၉၈၈ ခုနှစ် ဆူပူမှုအရေးအခင်းကာလတွင်မူ မြန်မာနိုင်ငံ၏ အမျိုးသားစည်းလုံးညီညွတ်ရေးအခြေအနေသည် အဆိုးရွားဆုံးကာလသို့ ရောက်ခဲ့သည်ဟု ဆိုရပေမည်။ ထိုအခြေအနေအောက်တွင် နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခဲ့သော တပ်မတော်အစိုးရသည်လည်း အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ သို့သော် တပ်မတော်အစိုးရသည် ယခင်အစိုးရအဆက်ဆက်က အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်ရာတွင် မအောင်မမြင်ဖြစ်ခဲ့ရသည့် အကြောင်းအရင်းများကို ဖော်ထုတ်ပြီး ယခင်အစိုးရများနှင့် ကွဲပြားခြားနားသည့် ချဉ်းကပ်ပုံနည်းလမ်းများကို အသုံးပြုခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံရေးအရ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ၉၀ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်များအပါအဝင် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များ စသည့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ (၈)ဖွဲ့ပါဝင်သည့် အမျိုးသားညီလာခံကို ကျင်းပပြီး အနာဂတ် နိုင်ငံတော်ဖွဲ့စည်းပုံအတွက် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်ခဲ့သည်။ ထိုအမျိုးသားညီလာခံသို့ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်တစ်ထောင်ကျော်အနက် တိုင်းရင်းသား

စစ်ရေးပဋိပက္ခများ…
ကိုလည်း ငြိမ်းချမ်…
ဆိုရပါမည်။

ထို့ပြင် တပ်…
တိုးတက်မှု ကွဲပြား…
ထိခိုက်ခဲ့ရသည့် အ…
ဗိုလ်ချုပ်မှူးကြီးသ…
လူမျိုးများ ဖွံ့ဖြိုး…
ဖွံ့စည်းပြီး နယ်စပ်…
ပေးခဲ့သကဲ့သို့ နိုင်…
အကြားအလပ်မရှိ…
ချမှတ်ဆောင်ရွက်…
တစ်ခု ပထဝီအနေ…
အတွက် နိုင်ငံအ…
များကို အမျိုးသ…
ဤသည်မှာ ဖွံ့ဖြိုး…
ညီညွတ်ရေးကို တ…

ထိုကဲ့သို့…
တိုင်းရင်းသားစည်း…
ထိန်းသိမ်းထားနိုင်…
အမျိုးသားပြန်လည်…
လုပ်ငန်းစဉ်များကို…
ပြည်တွင်းပြည်ပအ…
ကာကွယ်တားဆီး…
ယန္တရားများ အသ…
တစ်ရပ် ဖြစ်ပေါ်…

ထို့ကြောင့် ဝ…
ခဲ့သည့် အမျိုးသ…

တွေးစေချင်

ဗညားအောင်

၊ အခွင့်အရေးဆိုင်ရာ
ကိစ္စများကို ဆွေးနွေး
ရက်နေ့တွင် နိုင်ငံရေး
ား တက်ရောက်သည့်
သော် ထိုဆွေးနွေးပွဲတွင်
ရလျှင် ပြည်ထောင်စု
းလုပ်ဆောင်လာသော
ဘ်လှန်ရေးကောင်စီက
။
ည်းလုံးညီညွတ်ရေးကို
ခဲ့သည်ကို တွေ့ရသည်။
တိုင်းရင်းသားလူမျိုးများ
ချက်ကို ထုတ်ပြန်ခြင်း၊
န်အတွက် ပြည်တွင်း
ဘ်လှန်ရေးကောင်စီ၏
ဦးတည်လုပ်ဆောင်
တ်တွင် နိုင်ငံရေးပါတီ
င့် စည်းလုံးညီညွတ်မှု
းက မျှော်မှန်းခဲ့သည့်
င်ခန်းစာဖော်ထုတ်ပြီး
ရေးပါတီများ၊ တိုင်းရင်း

ကိုယ်စားလှယ် ခြောက်ရာကျော်ပါဝင်ခဲ့သည့်အတွက် မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်မှ တစ်မြို့နယ်လျှင် တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးအနည်းဆုံး ပါဝင်သည်ဟု ဆိုနိုင်ပါသည်။ ထိုကိုယ်စားလှယ်များသည် ပါတီစွဲ၊ ဝါဒစွဲကင်းကင်းဖြင့် အမျိုးသားအကျိုးစီးပွားကိုသာ ရှေးရှုပြီး အနာဂတ်နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဌာန်ကို ဆွေးနွေးခဲ့ကြခြင်းကြောင့် အမျိုးသားညီလာခံတွင် မြန်မာ့နိုင်ငံရေးအင်အားစု အသီးသီးကြားတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သည်ဟု ဆိုရပေမည်။

ထိုကဲ့သို့ နိုင်ငံရေးအရ အနာဂတ်နိုင်ငံတော် တည်ဆောက်ရာတွင် အမျိုးသားရေးအင်အားစုအားလုံး ပါဝင်နိုင်ရန်အတွက် အမျိုးသားညီလာခံဖြင့် ဆောင်ရွက်သကဲ့သို့ လက်နက်ကိုင်ပဋိပက္ခများကြောင့် နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုပျက်ပြားနေပြီး ပြည်သူများ အတိဒုက္ခရောက်နေမှုများကို ရပ်တန့်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်ခဲ့ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအများအပြားမှာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် လက်တွဲလုပ်ဆောင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုငြိမ်းချမ်းရေး တည်ဆောက်မှု၏ အကျိုးဆက်အဖြစ် အချို့လက်နက်ကိုင်အဖွဲ့များမှာ လက်နက်ကိုင်လမ်းစဉ်ကို လုံးဝစွန့်လွှတ်ခဲ့ပြီး ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ကာ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲများတွင်ပင် ပါဝင်ယှဉ်ပြိုင်အရွေးခံခဲ့သည့် အခြေအနေအထိ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်

...သည့် တပ်မတော်နှင့် ၂၀၁၀ ရွေးကောက်ပွဲမှ ရွေးချယ်ခံ
...အယူအဆသည် အပေါစားနိုင်ငံရေးစတန့်ထက် ပိုမည်မဟုတ်
...ပြောင်းရေးအတွက် လိုအပ်သည့် အမျိုးသားပြန်လည်စည်းလုံး
...ထိ အောင်မြင်ခဲ့ပြီးဖြစ်သည်။ ထိုအချိန်တွင် တပ်မတော် မပါ
...ဆိုဦးတော့ ထိုညီလာခံသည် အစိုးရကိုဆန့်ကျင်နေသော၊ မူဝါဒ
...ချခံအဖြစ်သို့ ရောက်ရှိသွားမည်မှာ သေချာပေသည်။

ိုင်ရန် တစ်ပါတီစနစ်ကို
ည်။ သို့သော် လက်တွေ့
စ်သက်သော ပထစနှင့်
်မြူနစ်များ၊ လူမျိုးရေး
င်းတွင် ပါဝင်လာခြင်း
နခြင်းကြောင့် မျှော်မှန်း
ဆောက်နိုင်ခဲ့ခြင်းမရှိ

တွင်မှု မြန်မာနိုင်ငံ၏
အဆိုးရွားဆုံးကာလသို့
ာက်တွင် နိုင်ငံတော်
သည်လည်း အမျိုးသား
် အစွမ်းကုန် ကြိုးပမ်း
ရသည် ယခင်အစိုးရ
တည်ဆောက်ရာတွင်
ကို ဖော်ထုတ်ပြီး ယခင်
းလမ်းများကို အသုံးပြု

်များ၊ ၉၀ ရွေးကောက်
၊ တိုင်းရင်းသားလူမျိုး
ယ်များ၊ အသိပညာရှင်
ယ်စားလှယ်များ၊ ဥပဒေ
က်ကိုင် ကိုယ်စားလှယ်
စားလှယ်များ စသည့်
အမျိုးသားညီလာခံကို
အခြေခံရမည့်မူများ၊
ိုအမျိုးသားညီလာခံသို့
်အနက် တိုင်းရင်းသား

စစ်ရေးပဋိပက္ခများကြောင့် ပြိုကွဲခဲ့ရသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း ငြိမ်းချမ်းရေးနည်းလမ်းဖြင့် ပြန်လည်တည်ဆောက်နိုင်ခဲ့သည်ဟု ဆိုရပါမည်။

ထို့ပြင် တပ်မတော်အစိုးရသည် နိုင်ငံအတွင်း ရပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ကွဲပြားခြားနားမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ခဲ့ရသည့် အခြေအနေကို ကုစားနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဦးစီးသည့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပြီး နယ်စပ်ဒေသ ၂၁ ခုတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သကဲ့သို့ နိုင်ငံတော်အတွင်း ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုအကြားအလပ်မရှိစေရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုကို စီမံချက်ချမှတ်ဆောင်ရွက်ပေးခဲ့သည်။ အလားတူပင် နိုင်ငံအတွင်း ဒေသတစ်ခုနှင့်တစ်ခု ပထဝီအနေအထားရ အဆက်အသွယ်ခက်ခဲမှုများ ပပျောက်စေရန်အတွက် နိုင်ငံအတွင်း လမ်းတံတားကွန်ရက်များ၊ မီးရထားလမ်းကွန်ရက်များကို အမျိုးသားအဆင့် စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးခဲ့သည်။ ဤသည်မှာ ဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်လိုက်ခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့ တစ်ဖက်က အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖော်နိုင်မည့်၊ ထာဝရထိန်းသိမ်းထားနိုင်မည့် အခြေအနေကောင်းများကို ဖော်ဆောင်ပေးသကဲ့သို့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များကို ထိခိုက်အောင်၊ ပျက်ပြားအောင် လုပ်ဆောင်လာသည့် ပြည်တွင်းပြည်ပအင်အားစုများ၏ အဖျက်အမှောင့်လုပ်ရပ်များကိုလည်း ကာကွယ်တားဆီးခဲ့ရသည်။ နိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားများ အသက်ဝင်စေရန်၊ ခိုင်မာအင်အားတောင့်တင်းသည့် အစိုးရတစ်ရပ် ဖြစ်ပေါ်စေရန်အတွက်လည်း လုပ်ဆောင်ခဲ့ရသည်။

ထို့ကြောင့် တပ်မတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များသည် အတိတ်ကာလကကဲ့သို့ နိုင်ငံရေးသက်သက်၊ စစ်ရေးသက်သက်အမြင်ဖြင့် ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေးစသည်ဖြင့် ဘက်စုံထောင့်စုံမှ စဉ်းစားဆောင်ရွက်ခဲ့သည့် မဟာဗျူဟာလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဤကဲ့သို့လုပ်ဆောင်ခဲ့သည့်အတွက်လည်း ယနေ့အချိန်ကာလတွင် မည်သည့်ခေတ်ကနှင့်မျှ မတူအောင် မြန်မာနိုင်ငံအနှံ့အပြားတွင် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေခြင်းလည်း ဖြစ်ပေသည်။

သို့တိုင်အောင် ယနေ့လုပ်ဆောင်နေသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များမှာ ပြီးမြောက်အောင်မြင်ပြီဟု မဆိုနိုင်သေးပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမည့် နိုင်ငံတော်ဖွဲ့စည်းမှုတွင် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများစွာ ရှိနေသေးသည်။ ပေါ်ပေါက်လာတော့မည့် ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအကြား ဆက်ဆံရေး၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ဆက်ဆံရေးများသည် ယခင်က ကျင့်သုံးခဲ့သည့် နိုင်ငံတော် တည်ဆောက်ပုံနှင့် လုံးဝကွဲပြားခြားနားပေသည်။ ထို့အတူ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားရေးမဏ္ဍိုင်များကို တိတိပပ ခွဲခြားထားပြီး အပြန်အလှန်ထိန်းကျောင်းထားသည့် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်မှုပုံသဏ္ဌာန်သည်လည်း ပထမဆုံးအကြိမ်ကျင့်သုံးမည့် ပုံစံဖြစ်သည်။ ထို့ကြောင့် အနာဂတ်ကာလတွင် ကျော်ဖြတ်ရမည့် စိန်ခေါ်မှုများ၊ စမ်းသပ်မှုများ များစွာရှိနေပေသည်။ ထို့ပြင် ယာယီငြိမ်းချမ်းရေးသာ တည်ဆောက်ထားနိုင်သည့် တိုင်းရင်းသားဒေသများတွင် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ် ပျက်ပြားအောင် ဆက်လက်ကြိုးစားနေသည့် ပြည်တွင်းပြည်ပ အဖျက်သမားများရန်မှ ကာကွယ်ရေး စသည့် လုပ်ငန်းများလည်း ကျန်ရှိနေပေသေးသည်။ ထိုစိန်ခေါ်မှုများ ဆောင်ရွက်ရန် ကျန်လုပ်ငန်းများကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်မှသာ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့မည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ပြီဟု ဆိုနိုင်ပေလိမ့်မည်။

ဤကဲ့သို့သောအခြေအနေမျိုးတွင် ယနေ့အထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များကို မျက်ကွယ်ပြုပြီး ၁၉၄၇ ခုနှစ် ပင်လုံညီလာခံကဲ့သို့သော ညီလာခံတစ်ခုကို ပြန်လည်ခေါ်ယူကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်သင့်သည်ဟု ပြောဆိုမှုများ ပေါ်ထွက်လာသည်ကိုလည်း သတိပြုမိ၏။ ထိုညီလာခံမျိုးကို On Line မှ လုပ်မည်ဟု အကြံပြုသူတွေလည်း ရှိနေသည်ကိုပင် အံ့သြဖွယ်တွေ့ရသည်။ ထိုကဲ့သို့ ပြောဆိုနေသူများသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်ကို လူတစ်ဦးက ဦးဆောင်ပြီး အဖွဲ့လေးငါးဖွဲ့စုပေါင်းတွေ့ဆုံရုံမျှနှင့် အကောင်အထည်ဖော်နိုင်လိမ့်ဟု ထင်နေပုံရပေသည်။ ထိုသူများကို ညီလာခံလုပ်ဖို့ ခဏထား၊ ဘယ်သူတွေက ဘယ်တိုင်းရင်းသားလူမျိုးစုကို ဘယ်ပါတီက နိုင်ငံရေးအင်အားစုကို ကိုယ်စားပြုမည်ဆိုသည်ကိုပင် သဘောတူညီမှုရအောင် ကြိုးစားကြည့်ပါဦးဟု အကြံပြုချင်သည်။

ယနေ့အခြေအနေသည် ၁၉၄၇ ခုနှစ် ပင်လုံညီလာခံလို ဖဆပလနှင့် ရှမ်း၊ ကချင်၊ ချင်းတိုင်းရင်းသားခေါင်းဆောင်များသက်သက် တွေ့ဆုံဆွေးနွေးဆုံးဖြတ်၍ရသည့်အခြေအနေ မဟုတ်တော့သည်ကို မြင်ဖို့လိုပါသည်။ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံတွင် ပါဝင်ခွင့်မရခဲ့သည့် တိုင်းရင်းသားလူမျိုးစုများသည် ယနေ့အချိန်တွင် နိုင်ငံရေး၊ စီးပွားရေးအရ များစွာဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်သည်။ ထို့အပြင် အချို့တိုင်းရင်းသားလူမျိုးစုများတွင် ယာယီငြိမ်းချမ်းရေးတည်ဆောက်ထားသော လက်နက်ကိုင်တပ်ဖွဲ့များရှိနေသကဲ့သို့ အချို့တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များမှာ နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် ပြောင်းလဲဖွဲ့စည်းပြီး တစ်ဖက်ကလည်း တရားဝင်နိုင်ငံရေးပါတီများ ထူထောင်ထားပြီး ဖြစ်သည်။ တစ်ဖက်ကလည်း မိမိတို့သာ သက်ဆိုင်ရာတိုင်းရင်းသားများကို ကိုယ်စားပြုသည်ဟု ပြောနေသည့် လက်နက်ကိုင်သောင်းကျန်းသူများ၊ ပြည်ပြေးအဖွဲ့အစည်းများလည်း ရှိသေးသည်။ နိုင်ငံရေးဘက်တွင်လည်း ၂၀၁၀ ရွေးကောက်ပွဲတွင် ဥပဒေပြုလွှတ်တော်အဆင့်ဆင့်၌ အရွေးချယ်ခံထားရသည့် နိုင်ငံရေးပါတီများက ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များလည်း ရှိပြန်သည်။

ထို့ပြင် ၁၉၄၇ ခုနှစ်က မိမိနိုင်ငံကို ကျွန်ပြုထားသည့် နယ်ချဲ့ဗြိတိသျှတို့ကိုသာ ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ သို့တိုင်အောင် ပင်လုံညီလာခံမတိုင်မီနှင့် ညီလာခံအတွင်း ဗြိတိသျှကိုယ်စားလှယ်များ ခြေရှုပ်မှုကြောင့် အခက်အခဲများစွာနှင့် ကြုံတွေ့ခဲ့ရသည်ကို လည်းကောင်း၊ နောက်ဆုံး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ပင်လျှင် စိတ်ပျက်ပြီး ရန်ကုန်ပြန်ရန် လေယာဉ်မှာသည်အထိ ဖြစ်ခဲ့ရသည်ကို လည်းကောင်း ပင်လုံညီလာခံတွင် ကိုယ်တိုင်ပါဝင်ခဲ့သူများ ရေးသားသည့်စာအုပ်များတွင် တွေ့နိုင်ပါသည်။

ယနေ့အချိန်တွင်မူ ပထဝီနိုင်ငံရေးအခြေအနေသည် လွန်ခဲ့သည့်နှစ်ပေါင်း ခြောက်ဆယ်ကျော်ကာလနှင့် များစွာကွာခြားခဲ့ပေပြီ။ အာရှဒေသတွင် ဗြိတိသျှတို့နေရာသို့ အစားထိုးဝင်လာသည့် အင်အားကြီးဇာတ်ကောင်သစ်တွေရှိလာနေပြီ။ အင်အားကြီးနိုင်ငံမဟုတ်သည့်တိုင် မြန်မာနိုင်ငံအရေးတွင် သူတို့၏ အမျိုးသားအကျိုးစီးပွားအရ ပါဝင်နေသည့်၊ ပါဝင်ရန်ကြိုးစားနေသည့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ အများအပြားရှိနေသည်။ ထိုအထဲတွင် ကောင်းသောရည်ရွယ်ချက်နှင့် ပါဝင်ချင်သူတွေရှိသလို မကောင်းသောရည်ရွယ်ချက်နှင့် ဝင်ရောက်စွက်ဖက်ချင်သူတွေလည်း ရှိသည်။ ထိုအခြေအနေမျိုးတွင် တစ်ယောက်တစ်ပေါက်နှင့် ညီလာခံတစ်ခုကျင်းပမည်ဆိုလျှင် ထိုညီလာခံကို မိမိကိုယ်မိမိ သက်ဆိုင်ရာတိုင်းရင်းသားကို ကိုယ်စားပြုသည်ဟု ထင်နေသမျှလူအားလုံး၊ အဖွဲ့အားလုံး တက်ခိုင်းဆိုလျှင်၊ ထိုညီလာခံမှ ဘာအကျိုးဆက်တွေ ဖြစ်လာမည်ကို စဉ်းစားရုံဖြင့် သိနိုင်ပါသည်။

ထို့ကြောင့် ဦးဆောင်နိုင်မည့် ခိုင်မာအင်အားကောင်းသည့် အဖွဲ့အစည်း၊ တိကျသည့် ကိုယ်စားလှယ်ရွေးချယ်မှုစနစ်များ မရှိဘဲ တစ်ဦးတစ်ယောက်ကောင်းဖြင့် ညီလာခံတစ်ခုကျင်းပနိုင်မည်ဟု စဉ်းစားခြင်းမှာ ပကတိအရှိတရားနှင့် အင်မတန်အလှမ်းဝေးသော စိတ်ကူးယဉ်မှုသက်သက်သာဖြစ်သည်။ မိမိအနေအထားကို လိုသည်ထက်ပိုတွက်ပြီး မိမိကိုယ်မိမိအထင်ကြီးလွန်းနေခြင်းသာ ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံကျင်းပချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့ချုပ်သည် ဗြိတိသျှဘုရင်ခံ၏ အစိုးရအဖွဲ့တွင် ပါဝင်နေပြီး ကာကွယ်ရေးနှင့် နိုင်ငံခြားရေးမှအပ ကျန်အုပ်ချုပ်ရေးကိစ္စများတွင် လုပ်ပိုင်ခွင့်ရထားသည့်အပြင် မြန်မာ့လွတ်လပ်ရေးနှင့်ပတ်သက်လျှင် ဖဆပလနှင့်သာ ဆွေးနွေးရန် ဗြိတိသျှတို့က လက်ခံထားခြင်းကြောင့် ပင်လုံညီလာခံကို ဖဆပလက ဦးဆောင်ပြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်ဆိုသည်ကိုလည်း သတိရဖို့ လိုပါသည်။

ထို့ကြောင့် ယနေ့နိုင်ငံတော်၏ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ဦးဆောင်နေသည့် တပ်မတော်နှင့် ၂၀၁၀ ရွေးကောက်ပွဲမှ ရွေးချယ်ခံနိုင်ငံရေးပါတီများမပါဝင်သည့် ပင်လုံညီလာခံပုံစံ ညီလာခံကျင်းပမည်ဆိုသည့် အယူအဆသည် အပေါစားနိုင်ငံရေးစတန့်ထက် ပိုမည်မဟုတ်သည်ကို နားလည်ဖို့ လိုပါသည်။ တပ်မတော်အနေဖြင့် ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးအတွက် လိုအပ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဘက်စုံထောင့်စုံမှ စဉ်းစားဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုထိ အောင်မြင်ခဲ့ပြီး ဖြစ်သည်။ ထိုအချိန်တွင် တပ်မတော်မပါဝင်သည့် ပင်လုံညီလာခံပုံစံ ညီလာခံတစ်ခုကို စေတနာကောင်းဖြင့် ကျင်းပသည်ဆိုဦးတော့ ထိုညီလာခံသည် အစိုးရကိုဆန့်ကျင်နေသော၊ မူဝါဒလမ်းစဉ်(၇) ရပ် ပျက်ပြားအောင် လုပ်ဆောင်နေသော အဖွဲ့အစည်းများ၏ အသုံးချခံအဖြစ်သို့ ရောက်ရှိသွားမည်မှာ သေချာပေသည်။ ထိုသို့ဖြစ်လာလျှင်မူ ပေ့ါစေလိုလို့ ကြောင်ရုပ်ထိုးကာမှ ဆေးအတွက်လေးဆိုသကဲ့သို့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိခိုက်သည့်အဖြစ်သို့ ရောက်သွားပေလိမ့်မည်။

ထိုသို့ဆိုလျှင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဘာမှမလုပ်ရတော့ဘူးလားဟု မေးရန်ရှိပါသည်။ လုပ်ရန်နည်းလမ်းများရှိပါသည်။ ယခုဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် လွှတ်တော်အဆင့်ဆင့်သည် ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်နိုင်မည့်နေရာများဖြစ်သည်။ လွှတ်တော်အသီးသီးတွင် ပြည်သူများက ရွေးချယ်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များရှိသည်။ ဘယ်သူက ဘယ်သူ့ကို ကိုယ်စားပြုသည်ကို ငြင်းခုံနေစရာမလို၊ သက်ဆိုင်ရာမဲဆန္ဒနယ်က ပြည်သူများက သူတို့အကျိုးအတွက် မည်သူ့ကို တာဝန်ပေးမည်ကို ဆုံးဖြတ်ပေးခဲ့ပြီးဖြစ်သည်။ ထိုကိုယ်စားလှယ်များထဲတွင် တိုင်းရင်းသားတွေလည်းပါသည်။ ထို့ပြင် သီးခြားတိုင်းရင်းသားကိုယ်စားလှယ်အဖြစ် အရွေးခံရသူတွေလည်းပါသည်။ နောက်ပြီး တပ်မတော်သားကိုယ်စားလှယ်တွေပါသည်။ ယနေ့ပြောနေသည့် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တပ်မတော်တို့ တွေ့ဆုံရေးဆိုသည့်လုပ်ငန်းကို ထိုလွှတ်တော်အဆင့်ဆင့်တွင် လက်တွေ့ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဥပဒေပြုရေးရာများတွင် လက်တွဲဆောင်ရွက်ရင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများကို တည်ဆောက်နိုင်ပါလိမ့်မည်။ ထိုအခြေခံဥပဒေထဲတွင် တိုင်းရင်းသားများ၏ အခွင့်အရေး၊ မိမိတို့ ဘာသာစကား ယဉ်ကျေးမှု စသည်တို့ကို ထိန်းသိမ်းဖော်ဆောင်နိုင်မည့် လွှတ်တော်၊ အစိုးရအဖွဲ့၊ ဥပဒေပြုခွင့်အာဏာတို့လည်း ပါပြီးဖြစ်သည်။ လွှတ်တော်ထဲတွင် အားလုံးလက်တွဲလုပ်ဆောင်ရင်း အားသာချက်များကို ပိုပြီး အားကောင်းအောင်၊ အားနည်းချက်များတွေ့လာပါက ပြုပြင်နိုင်အောင် ဝိုင်းဝန်းကြိုးစားဖို့သာ လိုပါသည်။

ဥပဒေပြုလွှတ်တော်များသို့ ရွေးချယ်ခံရခြင်းမရှိသူများ၊ အဖွဲ့အစည်းများကရောဟု မေးလျှင် သူတို့တစ်တွေသည် အခြေခံဥပဒေကပေးအပ်ထားသည့်နိုင်ငံသားများ၏ အခွင့်အရေးများနှင့်အညီ လွှတ်တော်ပြင်ပတွင် မိမိတို့၏အမြင်များကို ပြောဆိုတင်ပြနိုင်မည်ဖြစ်သည်။ မိမိတို့မဲဆန္ဒနယ်က ကိုယ်စားလှယ်များကို အကြံပြုနိုင်ကြမည်ဖြစ်သည်။ မိမိတို့အယူအဆ၊ အတွေးအမြင်များကို ပြည်သူတွေက ထောက်ခံသည်ဟု ယုံကြည်လျှင် နောက်တစ်ကြိမ်ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ပြီး လွှတ်တော်အတွင်း နိုင်ငံရေးကို လုပ်ဆောင်နိုင်ကြပါလိမ့်မည်။

ဤနည်းလမ်းသည်သာလျှင် လွှတ်တော်အတွင်းနှင့် လွှတ်တော်ပြင်ပရှိ နိုင်ငံရေးအင်အားစုများအနေဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် လုပ်ဆောင်နိုင်သည့် အကောင်းဆုံးနည်းလမ်း ဖြစ်ပါသည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတွင် အားလုံးပါဝင်နိုင်မည့် အခွင့်အရေးလည်းဖြစ်ပါသည်။ မိမိတို့မျက်မှောက်ရှိ အကောင်းဆုံးနည်းလမ်းကို မရွေးဘဲ စိတ်ကူးယဉ်မှုသက်သက်ဖြင့် ဆောင်ရွက်ဖို့ ကြိုးစားလျှင်မူ အကျိုးထက် အပြစ်ကပိုများလိမ့်မည်ဆိုသည်ကို သတိပြုကြစေလိုပါသည်။ ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ဆေးရုံတက်လူနာများအား ထောက်ပံ့ပစ္စည်း ပေးအပ်လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး ခုတင်(၅၀၀)၌ ကျင်းပသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဆေးရုံတက်လူနာများအား ထောက်ပံ့ပစ္စည်း၊ လက်ထောက်နှင့် ချိုင်းထောက်များ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး ခုတင်(၅၀၀)တပ်မှူးနှင့် တာဝန်ရှိသူများ၊ ဆေးရုံတက် လူနာများတက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဆေးရုံတက်လူနာများအား ထောက်ပံ့ပစ္စည်းများပေးအပ်ကြပြီး အားပေးစကားပြောကြားကြကာ တာဝန်ရှိသူတစ်ဦးထံ လက်ထောက်အစုံ ၃၀ နှင့် ချိုင်းထောက် ၁၀ စုံတို့ကို ပေးအပ်သည်။**(ယာပုံ)**

ထို့နောက် တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ရာ ဗိုလ်ချုပ်တင်ငွေက လက်ခံသည်။

ကြည့်ရှုအားပေး

ယင်းနောက် တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး ခုတင်(၅၀၀)၌ တက်ရောက်ကုသလျက်ရှိသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ နှလုံးအဆုတ်တု စက်သုံးလုံးလှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၇

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် နှလုံးအဆုတ်တု စက်သုံးလုံးနှင့် နှလုံးနှင့်သွေးကြောခွဲစိတ်ခန်း အထွေထွေအသုံးပြုရန် အလှူငွေ သုံးသိန်းပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၇ ရက်နံနက် ၁၀ နာရီတွင် ဆေးရုံအုပ်ကြီးရုံးခန်း၌ကျင်းပသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမောင်ဝင်းက ဆေးရုံကြီး၌ လိုအပ်ချက်များနှင့် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မော်လမြိုင်မြို့နေ ကွယ်လွန်သူ ဖခင် ဦးလှသွင်-မိခင်ဒေါ်မွေး၊ အစ်ကို ဦးဇင်းပါကြီးတို့အား ရည်စူး၍ ဦးကြည်ဝင်း-ဒေါ်မေသက်လွင် (Top Manchinary Trading Co, Ltd.)၊ ဒေါ်မေမြတ်လွင်တို့က တန်ဖိုးငွေကျပ် ၁၅ သိန်းရှိ နှလုံးအဆုတ်တု စက်သုံးပစ္စည်း သုံးစုံနှင့် ဆေးပညာဌာန ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာ ဦးဟန်ငြေးနှင့်ဇနီး ဒေါ်လွင်လွင်မော်၊ အစ်မကြီး ဒေါ်ခိုင်ခိုင်မိုးတို့က နှလုံးနှင့်သွေးကြောခွဲစိတ်ခန်း မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး အထွေထွေအသုံးပြုရန်အတွက် ငွေကျပ်သုံးသိန်းကို လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမောင်ဝင်းက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈-၁၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၁၀ ၃။ နိုင်ငံတော်သီချင်း
၄:၁၅ ၄။ အဖွင့်သီချင်း
၄:၂၀ ၅။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၆။ လျှပ်တစ်ပြက်ရိုက်ချက်
၄:၃၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၈။ မျိုးချစ်တပ်မတော်
၄:၄၀ ၉။ ရှေးဟောင်းသုတ
၄:၄၅ ၁၀။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၅ ၁၁။ မြန်မာ့ရှုခင်း
၅:၃၅ ၁၂။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၄၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၉)**
၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆:၃၅ ၁၆။ **Mail Box**
၆:၄၅ ၁၇။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ(အပိုင်း -၂၇)
၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၃၄)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ ရယ်စရာရွှင်စရာ ဟာသပဒေသာ -ဘိုင်စကုတ်ထဲကအချစ် (မိုးယံဇွန်၊ ငြိမ်းချမ်း၊ ကောင်းကျော်၊ ဝိုင်းချစ်၊ စံလင်း၊ ချမ်းမီမီကို၊ တက္ကသိုလ်ဝွမ်းပုံ၊ မျိုးမျိုးခိုင်၊ နှင်းယုဉ်မြင့်မိုရ်၊ ယမုံရော) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
၂၄။ **Internet Website** ကဏ္ဍ
၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင်(အပိုင်း-၃၄)**
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၁၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
၈:၁၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၂၀ ၈။ တေးဂီတအစီအစဉ်
၈:၃၀ ၉။ နောက်မကျရအောင်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ အဆိုပြိုင်ပွဲ
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၃၀ ၄။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် မဟာဂီတအဖွဲ့(တီးကွက်ညွှန့်ပဒေသာ)(ဒုံမင်း)(ဇာတိအာဇာ သီချင်းကြီး)
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ)(ရူပဗေဒ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၇။ သီချင်းကြီးပဒေသာ
၅:၁၀ ၈။ တေးသရုပ်ဖော်အစီအစဉ်
၅:၂၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၃၀ ၁၀။ International Science News
၅:၃၅ ၁၁။ ဆိုကြပျော်ရွှင်တေးသံစဉ်
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၄။ "ရွှေရင်ခုနှ်သံ"
၆:၄၀ ၁၅။ တေးဂီတအစီအစဉ်
၆:၅၀ ၁၆။ ၂၀၁၀ အာဆီယံဆုဇူကီးဖလားဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ (အပိုင်း-၃)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၁၆)
၂၂။ မြန်မာဗီဒီယိုဇာတ်လမ်း "ကဝေပျို၏နိဒါန်း" (ခန့်စည်သူ၊ နန္ဒာလှိုင်) (ဒါရိုက်တာ-ဇော်မြင့်ဦး)
၂၃။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၇

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၆)အမှတ် (၄၈)တွင် "၂၀၁၁ အစိုးရသစ်နှင့် အနာဂတ် မြန်မာ့စီးပွားရေး" မျက်နှာဖုံးသုံးသပ်ဆောင်းပါး အပါအဝင် သတင်းများ၊ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ လာပြီဖြစ်သည်။

ယင်းအပြင် ငွေဆောင်တွင် အပန်းဖြေစခန်းသစ်ဖွင့်မည်၊ ပြည်တွင်းလုပ် စီဒီအမ်အေမိုဘိုင်းလ်ဟန်းဆက်များ ရတနာပုံတယ်လီပို့တွင် ထုတ်လုပ်မည်၊ ကိုရီးယားတွင် အလုပ်ရမည်ဆိုကာ လိမ်လည်သည့်ကုမ္ပဏီအမည်ပျက်စာရင်း သတ်မှတ်ခံရ၊ ဟံသာဝတီကားဈေးကွက်ကြိုက်ရောင်းကြိုက်ဝယ်အသွင် ရောက်ရှိနေ၊ ဘုရင့်နောင် ကုန်စည်ဈေးကွက်နှင့် မန္တလေးကုန်စည်ဈေးကွက်သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "ကိုရီးယားဇာတ်လမ်းများနှင့် လွှမ်းမိုးမှု" စသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

စင်ကာပူအစိုးရက ရရှိမည့် အခွန်အခများစွာဖြင့် နိုင်ငံသားများအကျိုးအတွက် ပိုမိုအသုံးချမည်၊ အမေရိကန်တွင် အွန်လိုင်းဈေးဝယ်မှု အားကောင်း၊ ဂျပန်အနောက်ပိုင်းရှိ မွေးမြူရေးခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါတွေ့၊ အစာစားပြီးခါစနမ်းရှုပ်ပါက အစာနှင့်ဓာတ်မတည့်မှုများဖြစ်တတ်သဖြင့် ယားယံခြင်းများဖြစ်ပေါ်နိုင်၊ ကမ္ဘာတစ်လွှားရှိ ရေကန်ကြီးများလေထုထက်တွင် ပိုမိုနွေးနေဟုဆို၊ ဈေးပေါသည့်နာရီကား အိန္ဒိယလူချမ်းသာတို့စိတ်ဝင်စား၊ ဝီကီလိခ်မှ အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံခေါင်းဆောင်များ၏ လျှို့ဝှက်လုပ်ဆောင်ချက်များကို ဆက်လက်ဖော်ထုတ်ဦးမည်၊ "၁၃ နှစ်အတွင်း လူသတ်မှုဆက်တိုက်ကျူးလွန်ခဲ့သူ အီတလီနိုင်ငံသားကို ဖမ်းဆီး"မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေး ကဏ္ဍ၊ စီးပွားရေး ကဏ္ဍ၊ နည်းပညာကဏ္ဍများနှင့် နိုင်ငံတကာ ရေးရာဆောင်းပါးများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

မြတ်ဆရာပူဇော်ပွဲများ

သာယာဝတီမြို့ အလက ကွက်သစ်ကျောင်း အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၇

သာယာဝတီမြို့ အလက ကွက်သစ်ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ယင်းကျောင်းရှိ ဒေါ်အရိန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ရန်ကုန်မှ ဦးလေးလွင် ဖုန်း-၀၉-၈၆၁၀၇၂၂၊ ဦးထွန်းမြတ် ဖုန်း- ၀၉- ၅၀၃၅၄၀၄၊ ဦးဖြိုးမင်းအေး ဖုန်း- ၀၉-၅၁၀၂၅၀၉၊၅၅၂၂၀၃၊ ဒေါ်ဝါဝါစိုး ဖုန်း-၀၁-၂၅၀၂၂၅၁နှင့် သာယာဝတီမှ အလက ကွက်သစ်ကျောင်း ဖုန်း-၀၅၅-၃၀၁၇၀ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အထက(၃) အင်းစိန်(အောင်ဆန်း) မြတ်ဆရာပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၇

အထက(၃)အင်းစိန်(ယခင်အောင်ဆန်းကျောင်း)တွင် ၁၉၅၃ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား အဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကိုဒီဇင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများလှူဒါန်းလိုပါက ဦးသောင်းငွေ ဖုန်း-၆၄၅၅၀၃၊ ဦးဆန်းအောင် ဖုန်း-၆၄၅၅၈၈၊ ဒေါ်ခင်မြဦး ဖုန်း-၆၄၆၁၂၆နှင့် ဒေါ်သန်းသန်းအေး (ဖော့ကန်) ဖုန်း-၆၄၃၁၁၆တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ (၁၂၇)

မတ္တရာ အထက မြတ်ဆရာ ပူဇော်မည်

မတ္တရာ ဒီဇင်ဘာ ၇

မတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်း၌ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၃၀ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဖြစ်မြောက်ရေးကော်မတီဝင်များဖြစ်ကြသော မတ္တရာမြို့မှ ဦးကျော်ဇော(တရားရုံးချုပ်ရှေ့နေ) ဖုန်း-၀၂-၇၉၀၅၃၊ ဆရာမကြီး ဒေါ်ခင်မြင့် ဖုန်း-၀၂-၇၉၈၁၈ နှင့် ဦးထွန်းမြိုင်(မန္တလေး) အောင်ကြီး ကဖေး ဖုန်း-၀၂-၃၃၉၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အထက(၁) ကျောက်ပန်းတောင်း အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၇

ကျောက်ပန်းတောင်းမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ယင်းကျောင်းရှိ စကားဝါခန်းမ၌ ဒီဇင်ဘာ ၂၇ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ကျောက်ပန်းတောင်း ဦးစုံမောင် ဖုန်း-၀၉-၂၂၂၀၄၄၂၊ ဦးမိုးဟိန်းစိုး ဖုန်း-၀၉-၅၁၂၈၉၁၈၊ ရန်ကုန် ဦးစန်းလွင်ဦး ဖုန်း-၀၉-၅၀၀၁၁၆၃၊ ဦးအောင်မိုး ဖုန်း-၀၉-၅၁၃၈၆၉၆၊ မန္တလေး ဦးသန်းငွေ ဖုန်း-၀၉-၆၈၁၉၄၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အထက(၃)ဗဟန်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၇

အထက(၃)ဗဟန်း (ယခင် YMBA၊ အလက-၄ ဗဟန်း) ကျောင်းတွင် ၁၉၆၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သည့် ဆရာကြီး၊ ဆရာမကြီးများအား တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဦးလှတင် (ကျောင်းအုပ်ဆရာကြီး) ဖုန်း-၅၅၅၂၂၂၊ ဦးကိုကိုကြီး ဖုန်း-၀၉-၅၀၉၃၂၃၉၊ ဦးလှထွေး ဖုန်း-၀၉-၅၁၆၂၉၁၉၊ ဦးအောင်ကျော်ထွန်း ဖုန်း-၅၅၃၉၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော်   ဒီဇင်ဘာ   ၇

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ ညနေပိုင်းတွင် သတ်မှတ်ထားသည့်ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဂ)အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန်(တောင်ငူ)၌ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် လည်းကောင်း၊ (င)အုပ်စု ရကတဇုန် (ရန်ကုန်)၌ တပ်မတော်(လေ)အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ခ)အုပ်စု လပခဇုန် (မန္တလေး)၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့တွင်း ကျောက်ချောလမ်းခင်းနေမှုကို အမှုဆောင်အရာရှိ ဦးမောင်စိုး ကွင်းဆင်းကြီးကြပ်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ကျင်းပမည်

ရန်ကုန်   ဒီဇင်ဘာ   ၇

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ကကြီးမှူး၍ နေပြည်တော်ခရိုင်အားကစားနှင့် ကာယပညာကော်မတီက ကျင်းပမည့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား(Inter Club) အလေးမပြိုင်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃ ရက်မှ ၄ ရက်အထိ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအလေးမပြိုင်ပွဲသည် မြန်မာအလေးမအားကစားတိုးတက်လာစေရေး၊ ဒေသတွင်းလူငယ်များ အလေးမအားကစားကို စိတ်ပါဝင်စား၍ ကိုယ်တိုင်ပါဝင် လှုပ်ရှားလာစေရေးနှင့် အလေးမအားကစား ကျယ်ပြန့်စွာ ဖြစ်ထွန်းလာစေရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်သဖြင့် အသက်(၂၀)အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများနှင့် အသက်(၁၇)နှစ်အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတစ်မျိုးတွင် ကိုယ်အလေးချိန် အတန်းလေးတန်းစီ ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ပျဉ်းမနား၊ မြောင်းမြနှင့် ပုသိမ်မြို့တို့ရှိ ဒေသဆိုင်ရာ အလေးမ လေ့ကျင့်ရေးစခန်းများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တို့မှ အလေးမအသင်းများအား ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

နေပြည်တော်ခရိုင်၊ ဇမ္ဗူသီရိမြို့နယ်နေ ဗိုလ်မှူးကြီးသိန်းဆွေ(ငြိမ်း)
(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့မီးရထား)နှင့် ဒေါ်ခင်မာဦးတို့၏ သားကြီး

ဗိုလ်ကြီးနိုင်ဆွေဦး

M.B.,B.S (D.S.M.A)
Diploma in Medical Genctics (Moscow)
Certificate of Specialized Training in Hepatology (Moscow)
Certificate in Diving Medicine (Malaysia)
Assistant Lecturer, D.S.M.A

နှင့်

မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ အောင်သုခလမ်းနေ
ဒေါက်တာဉာဏ်လင်း(အေးရိပ်သာ၊ သွား၊ ခံတွင်း ဆေးကုခန်း)နှင့်
ဒေါက်တာရီရီလွင်တို့၏ သမီးကြီး

ဒေါက်တာဝတ်ရည်လင်း

B.D.S (Mdy)

တို့သည် ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော မိဘဆွေမျိုးများ၏ ရှေ့မှောက်တွင် မုံရွာမြို့ **Win Unity Resort Hotel** ၌ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၁ ရက် (အမျိုးသားနေ့)တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

ကျေးဇူးတင်လွှာ

၁-၁၂-၂၀၁၀ ရက် မုံရွာမြို့ **Win Unity Resort Hotel** ၌ ပြုလုပ်သော **ဗိုလ်ကြီးနိုင်ဆွေဦး** (M.B.,B.S)(D.S.M.A) နှင့် **ဒေါက်တာဝတ်ရည်လင်း** (B.D.S) (Mdy) တို့၏ စေ့စပ်ကြောင်းလမ်းခြင်း အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့် ဇနီးတို့နှင့် ဂုဏ်သရေရှိလူကြီးမင်းများအား အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးနိုင်ဆွေဦး (M.B.,B.S)(D.S.M.A)-**ဒေါက်တာဝတ်ရည်လင်း** (B.D.S) (Mdy)

နိုင် ငံ တ ကာ အား က စား သ တင်း   နိုင် ငံ တ ကာ အား က စား သ တင်း   နိုင် ငံ တ ကာ အား က စား သ တင်း

အာဆင်နယ်နှင့်ရိုးမားတို့ မဖြစ်မနေနိုင်ပွဲရှာရမည့် ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးဒုတိယနေ့ပွဲစဉ်များ

၉-၁၂-၂၀၁၀ (ကြာသပတေးနေ့)
နံနက် ၂း၁၅ နာရီ

ချန်ပီယံလိဂ်အုပ်စုနောက်ဆုံး အဆုံးအဖြတ်ပွဲမှာ အသင်းကြီးတွေထဲက ရိုးမားကသရေကျရင် နောက်တစ်ဆင့်တက်မှာ ဖြစ်ပေမယ့် အာဆင်နယ်ကတော့ သရေကစားလို့မရဘဲ အနိုင်သုံးမှတ်ရအောင် မဖြစ်မနေကြိုးပမ်းအားထုတ်ရတော့မှာပါ။

အုပ်စု (E)

ဘိုင်ယန်မြူးနစ် - ဘေဆယ်

ဘိုင်ယန်မြူးနစ် ရမှတ် ၁၂ မှတ်ရကာ အုပ်စုဗိုလ်နဲ့ နောက်တစ်ဆင့်တက်ပြီးသားပါ။ ဘေဆယ်ကတော့ ဒီပွဲကိုနိုင်ရင် အုပ်စုတက်ရေး မျှော်လင့်ချက်က ပါးပါးလေးရှိနေဆဲပါ။ ဂျာမန်မြေမှာ ဖြစ်ပေမယ့် ဆွစ်ဇာလန်ကလပ်ဖောင်ဖျက်ကစားလာမှာပါ။ ဒါပေမယ့် ဘိုင်ယန်မြူးနစ်က အိမ်ကွင်းမှာ ဂုဏ်သိက္ခာကို အထိခိုက်ခံမှာ မဟုတ်တာကြောင့် ဘေဆယ် ကြိုးစားပေမယ့် သရေတစ်မှတ်နဲ့သာ ကျေနပ်ရပြီး ယူရိုပါလိဂ်ကို သွားရတော့မှာပါ။

ကလုဂျ် - ရိုးမား

ရိုမေးနီးယားကလပ် ကလုဂျ်ဟာ အိမ်ကွင်းကစားရမှာ ဖြစ်ပေမယ့် ဘာမျှော်လင့်ချက်မှ မရှိတော့ပါဘူး။ ရိုးမားကတော့ ဒီပွဲကို အနည်းဆုံး သရေရအောင် ကစားရမှာပါ။ ဒါကြောင့် ဒီပွဲဟာ ပညာ၊ သမ္မာသာတဲ့ ရိုးမားဘက်မှာပဲ သရေနဲ့အနိုင် ရှိနေပါတယ်။

အုပ်စု (F)

မာဆေးလ် - ချယ်လ်ဆီး

ကိုးမှတ်ရထားတဲ့ မာဆေးလ် အုပ်စုဒုတိယနဲ့ နောက်တစ်ဆင့်တက်ဖို့ သေချာသလောက်ရှိနေပါပြီ။ ချယ်လ်ဆီးကလည်း ရာနှုန်းပြည့်နိုင်ပွဲဆက်ပြီး အုပ်စုဗိုလ်နဲ့ ရှုံးထွက်အဆင့်ကို တက်ပြီးဖြစ်ပါတယ်။ ဒီပွဲရဲ့ရလဒ်ပိုင်းက သိပ်အရေးမပါပေမယ့် မာဆေးလ်အနေနဲ့ ပိုမိုစိတ်ချရအောင် ကိုယ့်ကွင်းကိုယ့်ပရိသတ်ရှေ့မှာ အနည်းဆုံး သရေရအောင် ခံကစားသွားဖို့ရှိနေပြီး ပရီမီယာလိဂ်မှာ ရလဒ်ဆိုးနေတဲ့ ချယ်လ်ဆီး ရှုံးပွဲတွေ့သွားနိုင်ပါတယ်။

ဇီလီနာ - စပါးတပ်မော်စကို

နိုင်ပွဲမရှိသေးတဲ့ ဆလိုဗက်ကီးယားကလပ် ဇီလီနာဟာ ဒီအုပ်စုရဲ့ အဖြည့်ခံသက်သက်ပါ။ ပွဲတိုင်းလိုလို ပေးဂိုးများနေတဲ့ ဇီလီနာ အိမ်ကွင်းကစားရမှာဖြစ်ပေမယ့် စပါးတပ်မော်စကိုက ခြေသာပါတယ်။ ဒါ့အပြင် ညှော့သည်စပါးတပ်မော်စကိုဟာ ခြောက်မှတ် ရထားတာ

ရိုးမားအသင်း၏ ကွင်းလယ်မောင်းနှင်အား တော့တီ။

ကြောင့် ဇီလီနာကို ဂိုးပြတ်သွင်း အနိုင်ရအောင် ကြိုးစားပြီး တစ်ဖက်က မာဆေးလ်နဲ့ချယ်လ်ဆီးတို့ရဲ့ ပွဲအဖြေကို မျှော်နေမှာပါ။ ဒါပေမယ့် ဇီလီနာ အိမ်ကွင်းဖြစ်နေတာကြောင့် စပါးတပ်မော်စကို ထင်သလို လုပ်ခွင့်ရမယ်မထင်ပါဘူး။ ညှော့သည်အသင်း နိုင်ရင်လည်း ခပ်ပါးပါးလေးပဲ ဖြစ်မှာပါ။

အုပ်စု (G)

ရီးယဲလ်မက်ဒရစ် - အော်ဇေး

၁၃ မှတ်ရထားတဲ့ ရီးယဲလ်မက်ဒရစ် အုပ်စုဗိုလ်နဲ့ နောက်တစ်ဆင့်တက်ပြီးဖြစ်ပါတယ်။ ပြင်သစ်ကလပ် အော်ဇေးဟာ အသင်းကြီး ရီးယဲလ်မက်ဒရစ်ထက် အစစအရာရာ နိမ့်ကျတယ် ဆိုပေမယ့် ယူရိုပါလိဂ်ဝင်ခွင့် မျှော်လင့်နိုင်သေးတာကြောင့် ခြေကုန်ထုတ်ရုန်းလာမှာပါ။ အိမ်ကွင်းကစားရမယ့် ရီးယဲလ်မက်ဒရစ်ကလည်း လူမစုံသလို ဒီလိုပွဲမျိုးမှာ ရှိတဲ့ ကစားသမားတွေကို ပွဲပန်းခံ၊ ဒဏ်ရာအရခံမှာမဟုတ်ဘဲ သရေသာ ထိန်းကစားသွားဖို့ရှိနေပါတယ်။

အေစီမီလန်-အိုင်းယက်စ်

အေစီမီလန်က ရှစ်မှတ်နဲ့ အုပ်စုဒုတိယရကာ နောက်တစ်ဆင့် တက်သွားပါပြီ။ လေးမှတ်ရထားတဲ့ အိုင်းယက်စ်ကတော့ အော်ဇေးနဲ့အပြိုင် ယူရိုပါလိဂ်ဝင်ခွင့်ရအောင် ကြိုးစားရဦးမှာပါ။ ဒီနှစ်သင်းရဲ့ လက်ရှိအနေအထားကိုကြည့်ရင် အေစီမီလန်က အိမ်ကွင်းကစားရမှာဖြစ်သလို ခြေစွမ်းပိုင်းကလည်း အိုင်းယက်စ်ထက် သာပါတယ်။ ဒါပေမယ့် ဒီပွဲမှာ အေစီမီလန်က အိုင်းယက်စ်ကို ဘယ်လို အဖြေထုတ်ပေးမလဲဆိုတာပဲ စောင့်ကြည့်ရမှာပါ။

အုပ်စု (H)

ရှက်တာဒိုးနက်-ဘရာဂါ

ရှက်တာဒိုးနက် ၁၂ မှတ်ရထားတာကြောင့် အုပ်စုကို ကျော်ဖြတ်ဖို့ သေချာသွားပါပြီ။ ဒါပေမယ့် အုပ်စုဗိုလ် ဖြစ်ချင်ရင်တော့ အနည်းဆုံး သရေတစ်မှတ်ရအောင် ကစားရဦးမှာပါ။ ဘရာဂါက ဒုတိယနေရာက အာဆင်နယ်နဲ့ ရမှတ်တူပြီး တတိယနေရာမှာ ရှိနေတယ်ဆိုပေမယ့် ယူရိုပါလိဂ် ဝင်ခွင့်နဲ့သာ ကျေနပ်ရဖို့များနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ အနည်းဆုံး တစ်မှတ်ရအောင် ကြိုးစားလာမယ့် အိမ်ရှင် ရှက်တာဒိုးနက် နိုင်ပွဲတွေ့ပြီး အုပ်စုဗိုလ်နဲ့ နောက်တစ်ဆင့်ကို သာသာယာယာ တက်သွားမှာပါ။

အာဆင်နယ်-ပါတီဇန်

အာဆင်နယ်ရမှတ်ကိုးမှတ်နဲ့ နောက်တစ်ဆင့်တက်ဖို့ တာစူနေပါပြီ။ ဒါပေမယ့် ဒီပွဲကိုတော့ အနိုင်ကစားရဦးမှာပါ။ နိုင်ပွဲမရှိသေးတဲ့ ပါတီဇန်ဟာ အာရှာဗင်၊ ရိုဆစ်စကီးနဲ့ နာဆရီတို့ ခြေစွမ်းပြနေတဲ့

အာဆင်နယ်အတွက် ရလဒ်ကောင်းများကို ဖော်ဆောင်ပေးမည့် အာရှာဗင်။

အာဆင်နယ်ကို အမ်းမရိတ်မှာ အန်တုဖို့ဆိုတာ ခက်ခဲလွန်းလှပါတယ်။ ဒီပွဲမှာ အာဆင်နယ် သက်သောင့်သက်သာ ကစားပြီး လိုအပ်တဲ့ ဂိုးအရေအတွက် သွင်းကာ နောက်တစ်ဆင့်တက်သွားမှာ သေချာတယ်လို့ ဆိုချင်ပါကြောင်း။ ။

ဝင်းတင်(ကြေးမုံ)

မာကိုမာရင်အား ခေါ်ယူရန် စပါးနှင့် လီဗာပူး အပြိုင်ကြိုးပမ်း

လန်ဒန်   ဒီဇင်ဘာ   ၇

အင်္ဂလိပ်ပရီမီယာလိဂ်ကလပ် စပါးနှင့် လီဗာပူးတို့သည် ဂျာမန်ဘွန်ဒက်စ်လီဂါမှ ဝါဒါဘရီမင်ကစားသမား မာကိုမာရင်အား ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြသည်ဟု သတင်းများတွင် ဖော်ပြထားသည်။

အသက်(၂၁)နှစ်ရှိ မာကိုမာရင်သည် ဝါဒါဘရီမင်အသင်း၏ အဓိကကွင်းလယ်မောင်းနှင်အား ဖြစ်သည်။ မာကိုမာရင်၏ ပြောင်းရွှေ့ကြေးမှာ ပေါင် ၁၂ သန်းထက်မနည်း ဈေးခေါ်ဖွယ်ရှိသည်။ စောစောပိုင်းက ထွက်ပေါ်ခဲ့သည့် သတင်းများအရ ၎င်းကို မန်ယူအသင်းက ခေါ်ယူရန် သဘောတူညီခဲ့ပြီး ဖြစ်သည်ဟု ဖော်ပြခဲ့ကြသည်။ သို့သော် ယင်းသတင်းမှာ မှန်ကန်ခိုင်လုံသည့် အနေအထား မရှိသဖြင့် ယခုကဲ့သို့ စပါးနှင့် လီဗာပူးတို့က ချဉ်းကပ်လာကြခြင်းဖြစ်သည်။ စပါးကွင်းလယ် ကစားသမားများဖြစ်သည့် နီကိုကရန်ဂျာနှင့် ဒေးဗစ်ဘန်တလေတို့မှာ လာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင် အသင်းမှ ထွက်ခွာဖွယ်ရာရှိနေသဖြင့် ယင်းတို့၏ နေရာတွင် ဂျာမန်မက်ဆီဟု တင်စားခေါ်ဝေါ်ခြင်း ခံနေရသည့် မာကိုမာရင်နှင့် အစားထိုးရန် ပြင်ဆင်လာခြင်းဖြစ်သည်။ လီဗာပူးသည်လည်း ကွင်းလယ်တွင် ဂျရတ်၊ မက်စီရိုဒရီဂွက်စ်တို့လောက်သာ အားထားရသည့် အနေအထားရှိနေခြင်းကြောင့် ဘွန်ဒက်စ်လီဂါစတားကို ပစ်မှတ်ထားလာခြင်းဖြစ်သည်။ ***အင်တာနက်။***

စပါးနှင့် လီဗာပူး အပြိုင် ဆက်သွယ်လျက်ရှိသည့် ဝါဒါဘရီမင် ကစားသမား မာကိုမာရင်။

လီဗာပူးအတွက် ဂျိုကိုးလ် ပွဲချိန်ပြည့်ကစားနိုင်တော့မည်



လီဗာပူးအသင်းတွင် ပွဲချိန်ပြည့် ပြန်လည်ပါဝင်တော့မည့် ဂျိုကိုးလ်။

ယခုနှစ် ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းမှ လီဗာပူးအသင်းတို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သည့် အင်္ဂလန်ကွင်းလယ်ကစားသမား ဂျိုကိုးလ်သည် ဒဏ်ရာကြောင့် ငါးပတ်ကြာ အနားယူနေခဲ့ရာမှ ယူရိုပါလိဂ်ပြိုင်ပွဲဖြစ်သည့် စတူအာဘူခါရက်နှင့်ပွဲတွင် ပြန်လည်ပါဝင်နိုင်ခဲ့သည်။

အသက်(၂၉)နှစ်ရှိ ဂျိုးကိုးလ်က "ဘောလုံးသမားဆိုတာ ဒဏ်ရာနဲ့ကင်းတဲ့လူမရှိပါဘူး။ ဒီဒဏ်ရာတွေကြားကပဲ လီဗာပူးအတွက် အကောင်းဆုံးပေးဆပ်ဖို့ ကျွန်တော်ကြိုးစားနေပါတယ်"ဟု ပြောကြားသွားသည်။

အင်တာနက်။

စိုးတင့်နိုင်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့် ရာခိုင်နှုန်းများကို ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၄၃/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁၄၃/၂၀၁၀)
၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၇ ရက်)

လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့် ရာခိုင်နှုန်းများကို ထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀ ရှိသည့်အနက် ၃၂၅ နယ်တွင်လည်းကောင်း၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် ၁၆၈ တွင်လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် (တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ ခုအပါအဝင်) ၆၇၃ ရှိသည့်အနက် ၆၆၁ နယ်တွင် လည်းကောင်း ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ပြည်ထောင်စုတစ်ဝန်းလုံး၌ တစ်ပြိုင်တည်း ကျင်းပခဲ့ပြီး လွှတ်တော်အလိုက် မဲဆန္ဒနယ်အသီးသီးတွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်များအားလုံးကို ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ကျင်းပပြီးစီးခဲ့သော အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးစီးမှုအခြေအနေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေ ၁၀၆ အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ၃-၁၂-၂၀၁၀ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

၃။ ထိုသို့ လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ပြည်သူများ သိသင့်သိထိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့် ရာခိုင်နှုန်းများကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

(က) ရွေးကောက်ပွဲကျင်းပမှုအခြေအနေ

(၁) ပြည်သူ့လွှတ်တော်

(ကက)	ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့် မဲဆန္ဒနယ်	၃၃၀ နယ်
(ခခ)	ရွေးကောက်ပွဲကျင်းပခဲ့သည့် မဲဆန္ဒနယ်	၃၂၅ နယ်
(ဂဂ)	ရွေးကောက်ပွဲကျင်းပနိုင်သည့် ရာခိုင်နှုန်း	၉၈. ၄၈ %

(၂) အမျိုးသားလွှတ်တော်

(ကက)	ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့် မဲဆန္ဒနယ်	၁၆၈ နယ်
(ခခ)	ရွေးကောက်ပွဲကျင်းပခဲ့သည့် မဲဆန္ဒနယ်	၁၆၈ နယ်
(ဂဂ)	ရွေးကောက်ပွဲကျင်းပနိုင်သည့် ရာခိုင်နှုန်း	၁၀၀ %

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါအဝင်)

(ကက)	ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့် မဲဆန္ဒနယ်	၆၇၃ နယ်
(ခခ)	ရွေးကောက်ပွဲကျင်းပခဲ့သည့် မဲဆန္ဒနယ်	၆၆၁ နယ်
(ဂဂ)	ရွေးကောက်ပွဲကျင်းပနိုင်သည့် ရာခိုင်နှုန်း	၉၈. ၂၂ %

(ခ) ဆန္ဒမဲပေးမှုအခြေအနေ

(၁) ပြည်သူ့လွှတ်တော်

(ကက)	ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ	၂၉၀၂၁၆၀၈ ဦး
(ခခ)	ဆန္ဒမဲပေးသူဦးရေ	၂၂၄၂၁၁၂၃ ဦး
(ဂဂ)	ဆန္ဒမဲပေးမှုရာခိုင်နှုန်း	၇၇. ၂၆ %

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆